မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၅၀)၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ၂၃-၁၁-၂၀၂၆၊ တနလင်္ဂနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများအား ပြိုင်ပွဲဝင်အသင်းများအလိုက် အသီးသီးလွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြစဉ်။



၂၀၂၆ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၆ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

စာမျက်နှာ ၃ သို့ ※

မြန်မာ့ထောပတ်သီးဈေးကွက် ပွင့်လန်းပါက တစ်နှစ်လျှင် အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိနိုင်



တောင်ကြီး နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံတွင် ထောပတ်သီး အဓိက စိုက်ပျိုးထုတ်လုပ်ရာဒေသ ခြောက်ခုရှိပြီး မြန်မာ့ထောပတ်သီးဈေးကွက် ပွင့်လန်းပါက တစ်နှစ်လျှင် အနည်းဆုံးအမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ရရှိနိုင်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ သိရသည်။

"မြန်မာ့ထောပတ်သီးက ပြည်ပမျိုးနဲ့ ပြည်တွင်းမျိုးဆိုပြီး နှစ်မျိုးရှိတယ်။

စာမျက်နှာ ၉ သို့ ⁘

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနသံာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနသံာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့် ရှိနိုင်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီး တစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် နေရာစိပ်စိပ်နှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၂

ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနသံာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာ ၂၃ ရက် ၊ တနလံာနေ့။

ပလင်းတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်အတွက် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ

ပညာထူးချန် လူရည်မွန်များသည် တိုင်းပြည်အတွက်သားကောင်းရတနာများဖြစ်လာနိုင်ပါသည်။ တစ်ချိန်ချိန်တွင် မိမိတို့ဖြစ်လိုသော ဘဝကိုရရှိလာပါမည်။ လူငယ်များအနေဖြင့် အဓိကကျသည့် စွမ်းအားစုအဖြစ် ပါဝင်လာနိုင်ရေး ဗလင်းတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန်အတွက် နိုင်ငံတော်က ပညာရေးကဏ္ဍမှ လူငယ်လူရွယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့လူငယ်များကို စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့် လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ လူငယ်များကို စနစ်တကျမှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

ပညာသင်ကြားခြင်းတွင် ကျောင်းသင်ခန်းစာများကို သင်ယူခြင်းအပြင် ကျောင်းပြင်ပသင်ယူခြင်းနှင့် အတွေ့အကြုံများမှ ကိုယ်တိုင်လေ့လာ သင်ယူသွားကြရမည်ဖြစ်သည်။ ပညာတတ်ဖြစ်မှသာ လူ့ဘဝရှင်သန်ရပ်တည်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးများကို ရရှိပြီး စဉ်းစားတွေးခေါ်မှု၊ ပြဿနာကိုဖြေရှင်းတတ်မှု၊ ဝေဖန်ပိုင်းခြားတတ်မှု၊ တီထွင်ကြံဆတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုစသည့် ပင်ကိုအရည်အသွေးများကို ပိုင်ဆိုင်လာမည်ဖြစ်သည်။

အရည်အသွေးမြင့်သည့် ပညာရပ်များကို တတ်ကျွမ်းသူများသည် ဝင်ငွေကောင်းသည့် အလုပ်အကိုင်ကောင်းများကို ရရှိနိုင်သည်။ ဆန်းသစ်တီထွင်တတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများသည် သက်ဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်သူများဖြစ်လာကြသည်။

နိုင်ငံတော်ကမျိုးဆက်သစ်လူငယ်များကို အသိပညာ၊ အတတ်ပညာ ပြည့်စုံပြီး အနာဂတ်နိုင်ငံတော်အတွက် သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်လျက်ရှိသည်။

လူငယ်ဟူသည် အနာဂတ်အတွက် အရင်းအနှီးကောင်းများဖြစ်သည်။ ခံယူချက်လွဲမှားသော ဆိုးသွမ်းလူငယ်များ မဖြစ်စေရေးအတွက် ယနေ့ကာလတွင် လူငယ်များကို နိုင်ငံတော်ကအကောင်းဆုံးပြုစု ပျိုးထောင်ပေးလျက်ရှိသည်။ ရုပ်ရည်လှပခြင်းထက် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းဟူသော စိတ်အလှကို မွေးမြူထားရမည်ဖြစ်သည်။ အနာဂတ်တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့သည် လူငယ်တို့၏အရည်အချင်းပေါ်တွင် မူတည်သည်။ ပညာတတ်သော်လည်း ကိုယ်ကျင့်တရားချို့ယွင်းသူ၊ ကိုယ်ကျင့်တရားကောင်းမွန်သော်လည်း ပညာရေးတွင်ချို့တဲ့သူ မဖြစ်အောင် နိုင်ငံတော် အစိုးရအနေဖြင့် ဘက်စုံပညာရေးကို ကျင့်သုံးလျက်ရှိသည်။ ငယ်ရွယ်စဉ်ကပင် မိမိကိုယ်ကို အားကိုးသောစိတ်ဖြင့် ကြိုးစားရမည်ဖြစ်သည်။

လောကုတ္တရာနယ်ပယ်တွင် ပညာသည် အမြင့်ဆုံးဖြစ်သည်။ လောကီနယ်ပယ်တွင်လည်း ပညာသည်သာအမြင့်ဆုံးဖြစ်သည်။ ပညာသည် အရာရာကို ဦးစီးဦးဆောင်ပဲ့ကိုင်ရှင်ဖြစ်သည်။ ပညာဟူသည် သင်ယူလေ့လာဆည်းပူးရာမှရရှိလာသည့် အသိကိုအခြေခံလျက် ပိုမိုကောင်းမွန်သည့် စဉ်းစားဆင်ခြင် တွေးတောကြံဆလုပ်ကိုင်ဆောင်ရွက်နိုင်မှု စွမ်းရည်ကိုဆိုလိုသည်။ ဗလင်းတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန်အတွက် ပညာရေးကဏ္ဍကို နိုင်ငံတော်က မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တစ်နည်းဆိုလျှင် ပညာကိုအခြေခံသည့် အသိဉာဏ်ဆင်ခြင်တုံတရား မြင့်မားမှုပင်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

ပုံပြင်ကဏ္ဍဆိုင်ရာ အစီအစဉ်များကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်၏ ကလေးစာဖတ်ခန်း၌ "ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ (My Library, My World Campaign)" အစီအစဉ်ဖြင့် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိရာ "ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်" (Every Child a Reader) ခေါင်းစဉ်ဖြင့် ပုံပြင်ကဏ္ဍဆိုင်ရာ လုပ်ရှားမှုကို ယနေ့ နံနက် ၉ နာရီက ကျင်းပပြုလုပ်သည်။

အဆိုပါ ပုံပြင်ကဏ္ဍဆိုင်ရာ လှုပ်ရှားမှုတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်မာအေးက ကလေးများအား ပုံပြင်ပြောပြ၍ နားထောင်စေခြင်း၊ ကလေးများကိုယ်တိုင် ဖတ်ရှုစေခြင်း၊ ပုံပြင်ပါဇာတ်ကောင်များ အကြောင်းပြောပြ၍ ဇာတ်ကောင်အလိုက် သရုပ်ဆောင်စေခြင်းတို့ကို ကလေးများနှင့်အတူ ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြသည်။ ကလေးငယ်များစာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်လာစေရန်၊ ငယ်စဉ်ကတည်းက စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိ လာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ "ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ" (My Library, My World Campaign) အမည်ဖြင့် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၀၉၅)

ကိုယ်ပိုင်ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် ၂၀၂၆ -၂၀၂၇ ပညာသင်နှစ် ပဥမအကြိမ်မြောက် ကိုယ်ပိုင်ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီက ခရိုင်အားကစားကွင်းအတွင်း၌ ကျင်းပြု လုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်ဦးဝင်းဇော်၊ ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကိုယ်ပိုင်ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ VEA ကိုယ်ပိုင်ကျောင်းမှ ဆရာကြီး ဦးအောင်နိုင်က ပြင်ဦးလွင်ခရိုင် အားကစားမှူး ဦးအေးကိုကိုအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

အဆိုပါ ပဥမအကြိမ်မြောက် ကိုယ်ပိုင်ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကို ကိုယ်ပိုင်ကျောင်းပေါင်း(၃၉)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများမှ အားကစားနည်း(၁၀)မျိုးဖြင့် နိုဝင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ ဆုရရှိသော အသင်းများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်၊ ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံခန့် ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့် အဖွဲ့ဝင်များ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဆုဖလားများအား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း ၀၉-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။



လှိုက်လဲနွေးထွေးစွာ ကြိုဆို

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ၊ အနုပညာရှင်များက လှိုက်လဲနွေးထွေးစွာ ကြိုဆိုကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြုငှဲပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

* ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနိုနိုအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မီးပုံးပျံလွှတ်တင်ရေး ပြိုင်ပွဲဝင်အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ၊ အနုပညာရှင်များက မြန်မာ့ရိုးရာ မီးပုံးငယ်များကို ကိုင်ဆောင်၍ လှိုက်လဲနွေးထွေးစွာ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး တို့က ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင် ပူဇော်ပြုငှဲပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့် တစ်ပြိုင်နက် မီးပုံးပျံငယ်များကို အခမ်းအနား တက်ရောက်လာကြသူများက တစ်ပြိုင်နက်လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ

စာမျက်နှာ ၄ သို့ *



ကပြ ဖျော်ဖြေတင်ဆက်

၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြုငှဲပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်စဉ်။



၂၀၂၆ ခုနှစ်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် သာသနာရေးဝန်ကြီးဌာနက မီးပုံးပျံလွှတ်တင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်နေစဉ်။



“ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့် အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပသွားမည်”

※ စာမျက်နှာ ၃ မှ

နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြရာ ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများအား ပြိုင်ပွဲဝင်အသင်းများအလိုက် အသီးသီးလွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြပြီး လာရောက်အားပေးကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထိုကဲ့သို့ မီးပုံးပျံများ လွှတ်တင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကလည်း ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်လျက်ရှိပြီး ယခုကျင်းပပြုလုပ်သည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိ ကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က မာရဝိဇယကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တ နေမိန္ဒ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

မာရဝိဇယကျောင်းတော် စတုတ္ထအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒဂို့ဏာသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကုံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် စတုတ္ထအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ မာရဝိဇယကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တ နေမိန္ဒ၊ အောင်စည်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တ ဝိစက္ခဏာတို့ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဆွေးနှင့်ဇနီး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ ဆီမီးနှင့် သောက်တော် ရေချမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကထိန် အလှူခံ မာရဝိဇယကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တ နေမိန္ဒ ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပွဲလှုစ်ပြီး နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် မာရဝိဇယကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ဖွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကထိန်အလှူခံ မာရဝိဇယကျောင်းဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညီစော နှင့် ဇနီးတို့က အောင်စည်သာ ဆရာတော်ကြီးထံလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ပါဠိဆရာတော်ကြီးထံလည်းကောင်း ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ စာမျက်နှာ ၆ သို့ ❖



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြစဉ်။



ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး အောင်စည်သာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တ ဝိစက္ခဏာ ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ဒုတိယသမ္မတ ဒေါ်နန်းခိုမိုအေး ပါဠိဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



❖ စာမျက်နှာ ၅ မှ

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ပြည်ထောင်စုဝန်ကြီးများက ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် အောင်စည်သာ ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် မာရိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၁၂ ပင်နှင့် ဥ တ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အပါအဝင် တန်ဖိုးငွေကျပ် ၂၆၇ သိန်းကျော်နှင့် လှူဒါန်းငွေကျပ် ၂၉၇ သိန်းကျော်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၅၆၅ သိန်းကျော် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဆွေးနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အ.ထ.က ပလစ(၂) အခြေခံပညာနှင့် စက်မှုစိုက်ပျိုးရေးအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

အမရပူရ နိုဝင်ဘာ ၂၂

မန္တလေး၊ အမရပူရမြို့နယ်တွင် လူငယ်များဗဟုသုတနှင့် ပြည့်စုံပြီး အသိပညာတိုးတက်စေရန်၊ လူငယ်များအချင်းချင်း အသိပညာ၊ အတွေ့ပညာများ ဖလှယ်နိုင်စေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ရင့်သန်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီက အ.ထ.က ပလစ(၂)အခြေခံပညာနှင့် စက်မှုစိုက်ပျိုးရေးအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရွှေလဝါဝါက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းဦးက ပညာရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ခိုင်က လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ Grade-11 မှ မောင်ဟိန်းထွဋ်ဇော်က လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 မှ မချစ်စုနဒီက လူငယ်နှင့် နည်းပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 မှ မောင်ဝိုင်ဟိန်းကျော်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 မှ မစိတ်ထားမြတ်က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြောင်း သိရသည်။



(အပေါ်ပုံ)

ကြရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးခဲ့

လဲ့လဲ့ခိုင်(အမရပူရ)

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော် စတင်ကျင်းပ
ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဥစ္စာတော်အဖြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို ယနေ့ညနေဝိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ယနေ့သည် တန်ဆောင်တိုင် ပွဲတော်ကြီး၏ ပထမဆုံးနေ့ဖြစ်သော်လည်း ဘုရားမုခ်ဦး အပြင်ဘက်ရှိ ကားရပ်နားဝင်းများတွင် နေပြည်တော်ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာရောက်ကြသည့် မော်တော်ယာဉ်များဖြင့် အထူးများပြားလျက်ရှိရာ ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ ဝင်ထွက် သွားလာနိုင်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်၊ အထွက်လမ်းကြောင်းများ၌ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပြီး ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း တန်ဆောင်တိုင် မီးထွန်းပွဲတော်တွင် ပါဝင်ဆင်နွှဲရန်ရောက်ရှိလာကြသည့်ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ ပွဲတော်လာပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ကြည်ညိုး၍ ကုသိုလ်ယူနိုင်ရေးအတွက် တာဝန်ရှိသူများက ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများကို စနစ်တကျ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေး အတွက်လည်း ဝိုးချဲလိုက်မှား၊ မော်တော်ယာဉ်ငယ် များဖြင့် စနစ်တကျ ပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ဆီမီးထွန်းညှိ ပူဇော်နိုင်မည့်နေရာများ၊ မီးပုံးပျံ လွှတ်တင်ပူဇော်မည့် နေရာများ၊ မသိုးသွေးကြသက်နံရုက်လုပ်မည့် နေရာ၊ ဈေးပွဲတော်နေရာများနှင့် ဖျော်ဖြေရေးအစီအစဉ် နေရာများသို့ အလွယ်တကူရောက်ရှိနိုင်ရေး လမ်းညွှန်ပြသ စီစဉ်ဆောင်ရွက် ပေးမှုများဖြင့် ဘုရားဖူးလာပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် တန်ဆောင်တိုင်မီးထွန်း ပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီး ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီး ၃၆၀၀ ကပ်လှူပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့်ပူဇော်ခြင်း၊ မေတ္တာပို့သခြင်းတို့ဖြင့် ကုသိုလ်ယူပါဝင်ဆင်နွှဲကြရာ တရားမမှအသံများဖြင့် ထုံမွှမ်းလျက်ရှိသည်။

ပွဲတော်ကြီး၏ အနှစ်သာရဖြစ်သည့် မြတ်စွာဘုရားရှင်အား မီးပုံးပျံ လွှတ်တင်ပူဇော်မည့် နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများ ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံ အောင်မြင်စွာ လွှတ်တင်နိုင်ရေး အတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း အထူး စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကာ မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့်အချိန်တွင် တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးဗတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ် နေရာများအလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံအသေးများ၊ ညမီးကြိုးနှင့် စိန်နားပန်မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိ လက်ခုပ်သံများဖြင့် နေပြည်တော်တန်ဆောင်မုန်းလ ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည်အပြင် တေးသံရှင်များ၏ တန်ဆောင်တိုင် ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများ သီဆိုဖျော်ဖြေမှုကြောင့်လည်း ပွဲတော်ကြီးကို ပိုမိုပြည့်စုံစေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော် ပြိုင်ပွဲတွင် သာသနာရေး ဝန်ကြီးဌာနက “မြတ်ရောင်ခြည်”၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက “စီမံမီးပွား ပြည့်အင်အား”၊ နိုင်ငံခြားရေး ဝန်ကြီးဌာနက “သားကောင်းတမန်”၊ လူငယ်ရေးရာဝန်ကြီးဌာနက “လူငယ် အားမာန်”နှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနက “သိပ္ပံနှင့်နည်းပညာ” စသည့် မီးပုံးပျံအမည်တို့ဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်မှုနှင့် အတူ သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကို ပြိုင်တူ လွှတ်တင်ခဲ့ကြသည်။

အလားတူ ညမီးကြိုးမီးပုံးပျံ လွှတ်တင်ပူဇော် ပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနက “အောင်တံခွန်”၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက “တိုးတက်မောင်”၊ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနက “စက်မှုအားမာန်”၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက “ပြည်လုံးခွမ်းသာ”နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက “ပဘာဝတီ” စသည့် မီးပုံးပျံအမည်များဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြသည်။

ထိုသို့ မီးပုံးများလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း ရုမ်းရိုးရာအကအလှများ၊ အိုးစည်ဒိုးဗတ်တီးခတ်မှုများ၊ သံချပ်တီးလုံးများ၊ မြန်မာ့ရိုးရာဆင်အကများ၊ ဆီမီးခွက်ကိုင်ဆောင်ပူဇော်ခြင်းများနှင့် အတူ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသံသာများ ကြောင့်လည်း တန်ဆောင်တိုင်ည အလှကို ပိုမိုအသက်ဝင်စေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အတွင်း၌လည်း LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိသည့် အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင်တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ခဲ့ကြသည်။

ဆက်လက်၍ ကျောက်စာရုံ စေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံ ဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုမဓွဇရုပ်များ၊ မာရဝိဇယ ကျောင်းတော်နှင့် အဂ္ဂါဓိပတိ သာသနာ့ ဓိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်း အသေးနေရာများ၌ မိသားစုလိုက် သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော်လည်းကောင်း ဖျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မြောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား မသိုးသွေးကြသက်နံး ရုက်လုပ်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် ညနေဝိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုအဖွဲ့ ရုက်ကန်းစင် ၁၅ စင်ဖြင့် သတ်မှတ်နေရာအသီးသီးတွင် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော် လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကိုဆင်နွှဲနိုင်ရေး အတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ၊ မသိုးသက်နံရုက်လုပ်ပူဇော် ပြိုင်ပွဲ၊ တေးဂီတနှင့် ဓာတ်သာဝင် ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့သို့ ဘုရားဖူးပြည်သူများ လာရောက်ရာတွင် အဆင်ပြေစေရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ပွဲတော်ကာလအတွင်း အခမဲ့အဖြစ် သတ်မှတ်စုရပ်များမှ EV Bus နှင့် တော်ဝင်ယာဉ်လိုင်းမှ မော်တော်ယာဉ်များဖြင့် အသွားအပြန် ပြေးဆွဲပေးလျက်ရှိသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသက်နံး ရုက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဓာတ်သာဝင်ဖျော်ဖြေပွဲ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဥစ္စာတော်အဖြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ည၏ အလှနှင့်ရသကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

သတင်း - ဟိန်းမင်းစိုး၊ ကျော်စွာဝင်း
ဓာတ်ပုံ - အေးအောင်









မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဗျော်ဖြေရေးအစီအစဉ်များသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် ကြက်ပျံမကျစည်ကား

နေပြည်တော် နိုဝင်ဘာ ၂၂

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်၍ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များကို ယနေ့တွင် ပထမနေ့အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် မြောက်ဘက်ဝင်္ကူကြေပေါ်ရှိ သတ်မှတ်နေရာများ၌ စတင်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် ဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ဘုရားဖူးပြည်သူများ ဒေသထွက်လက်ဆောင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ လေ့လာဝယ်ယူနိုင်ရန်နှင့် အစားအသောက် အဆင်ပြေစေရန်အတွက် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၊ One Region One Product (OROP) ထုတ်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ အိမ်တွင်းလက်မှုအနုပညာ အရောင်းပြခန်း၊ ရိုးရာ အဝတ်အထည်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများနှင့် မြန်မာ့ရိုးရာအစားအစာ အရောင်းဆိုင်များ စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၅၂၀ ဖွင့်လှစ်၍ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ လေ့လာကြည့်ရှုဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ထိုသို့စိတ်ဝင်တစားလာရောက်ဝယ်ယူကြသည့် ပြည်သူများကို သက်ဆိုင်ရာ ပြခန်းများအလိုက် ခင်းကျင်းပြသ ရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုကြပြီး ဒေသထွက် အစားအသောက်များ၊ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများနှင့် MSME ထုတ်ကုန်များ သူရဝင်းထွဋ် ဇာတ်သဘင်ကို ဖျော်ဖြေရေး အစီအစဉ်တွင် ထည့်သွင်းခဲ့ပြီး ယနေ့ည ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုတွင် ဇာတ်မင်းသား သူရဝင်းထွဋ်၏ ဇာတ်သဘင်အဖွဲ့က ခေတ်မီသည့် စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်း တူရိယာများဖြင့် မြို့ပြမြင်ဆိုင်ဆိုင် တီးခတ်မှုများနှင့်တွဲဖက်၍ သဘင်ပညာရှင်များ၏ စည်းလုံးညီညွတ်မှုကို အဓိကထား၍ လက်၊ ခြေ၊ ခါး အတိမ်းအစောင်း ညီညွတ်မှုဖြင့် ကရသည့် ယိမ်းအက၊ လူရွှင်တော်အကအဖွဲ့၏ "ရွှေမိုးတွေရွာ" ဟာသကပွဲ၊ နားပန်းဆံကပွဲ၊ အဆို၊ အပြော၊ အပြောများဖြင့် ဇာတ်၏ အနှစ်သာရကို ရုပ်လုံးပေါ်အောင် တင်ဆက်ရသည့် "နံကရိုင်း မယ်တော်" အော်ပရာ၊ ပရိသတ်အကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရှိုးအစီအစဉ်၊ ဇာတ်မင်းသား သူရဝင်းထွဋ်၏ အဆို၊ အပြော၊ အက ပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို ဂုဏ်ယူအားရဖွယ်တင်ဆက်မည့် "တိမ်ကြားဖွားတဲ့သား" နှစ်ပါးသွား အစီအစဉ်၊ လူရွှင်တော်များ၏ စိတ်နှလုံးဖျော်ရွှင်ဖွယ် ဟာသ ပြက်လုံးများနှင့် ဟာသတစ်ခန်းရပ်များကို ဌာန်ကရိုဏ်းကျကျ စည်းဝါး ကျကျ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများသည် အနုသုခုမသဘင်အား ချစ်မြတ်နိုးစွာ စိတ်ဝင်တစားလာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများအတွက် ဖရဏာဝိတိဂ္ဂမ်းဆီထိသည့် ပမာ ဖြစ်ခဲ့ရသည်။

ယနေ့ တန်ဆောင်တိုင်ပွဲတော်လာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ စိတ်အပန်းပြေစေရန် အခမဲ့ ခေတ်ပေါ်တေးဂီတ (စတိတ်ရှိုး) ဖျော်ဖြေရေး အစီအစဉ်အဖြစ် သဒ္ဒါနန်းထိုက်၊ မောက်ထားဆွေ၊ ဝေလာရီ၊ မေလသံစဉ်၊ ဖိုးသောကြာတို့အပါအဝင် နိုင်ငံကျော်တေးသံရှင်များက DJ များနှင့် Daily Gita Band တို့၏ တီးခတ်မှုနှင့်အတူ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် အလှည့်ကျဖျော်ဖြေသီဆိုပေးကြရာ ဗျော်ရွှင်တက်ကြွစွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ ဘုရားဖူးလာ ကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခု အဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထားဝိုင်းနှင့် ချားဝိုင်း၊ ကလေးစီးလှေပစ်နှင့် ကလေးစီးဒုံး၊ ပျော့အိ၊ ကလေးစီးကားစသည့် ကလေးကစားနည်းများ စုံစုံလင်လင် ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ဖျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ်ပုံရိပ်များကိုလည်းတွေ့မြင်ရပြီး ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင် ဆင်နွှဲကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။

အဆိုပါ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှု အစီအစဉ်များကို နိုဝင်ဘာ ၂၄ ရက်အထိ စည်ကားသိုက်ဖြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေးအစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

သတင်း - ဟိန်းမင်းစိုး၊ ကျော်စွာဝင်း
ဓာတ်ပုံ - အေးအောင်





ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်မှ ၂၉ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်း ဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။



၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင် ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်ရေယာဉ်/စက်လေယာဉ်များ၊ ငါးဖမ်းရေယာဉ်/လေယာဉ်များ၊ စက်တပ်သမ္မန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်း ငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

နိုင်ငံတကာတရားရုံး (ICJ) ၏ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ အပြီးသတ်စီရင်ချက်အပေါ် ပြည်သူ့ရှေ့ဆောင်ပါတီ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၂) ရက်

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတကာတရားရုံး (International Court of Justice – ICJ) မှ (ဂမ်ဘီယာနှင့် မြန်မာ) အပေါ်ချမှတ်ခဲ့သည့် အပြီးသတ်စီရင်ချက်ကို ပြည်သူ့ရှေ့ဆောင်ပါတီ အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရည်အကျိုးစီးပွား၊ နိုင်ငံတကာဥပဒေစံနှုန်းများနှင့်အညီ အလေးအနက် လေ့လာသုံးသပ်လျက်ရှိပါသည်။

၂။ အဆိုပါစီရင်ချက်တွင် မြန်မာနိုင်ငံအား လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ရာတွင်တာဝန်ရှိကြောင်းဆုံးဖြတ်ခဲ့သည့် အဓိကအချက်သည် တရားရုံးတစ်ရပ်လုံး တညီတညွတ်တည်းဆုံးဖြတ်ခဲ့ခြင်းမဟုတ်ဘဲ တရားသူကြီး ၉ မဲ - ၆ မဲ ဖြင့်သာ မဲကွဲလွဲဆုံးဖြတ်ခဲ့ခြင်းကို တွေ့ရှိရပါသည်။ ICJ ဒုတိယဥက္ကဋ္ဌအပါအဝင် တရားသူကြီး ၆ ဦးက အဆိုပါအဓိကဆုံးဖြတ်ချက်အပေါ် ကန့်ကွက်မဲပေးခဲ့ကြခြင်းသည် လူမျိုးသုဉ်းသတ်ဖြတ်လိုသော အထူးရည်ရွယ်ချက် (Dolus Specialis)၊ သက်သေပြရန် စံနှုန်းနှင့် နိုင်ငံတော်၏တိုက်ရိုက်တာဝန်ရှိမှုဆိုင်ရာ ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် နိုင်ငံတကာတရားသူကြီးများ အကြားသဘောထားကွဲလွဲမှုများရှိနေကြောင်း ထင်ရှားစေပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ရခိုင်ပြည်နယ်၏ ရှုပ်ထွေးနက်နဲသော မြေပြင်လုံခြုံရေးအခြေအနေများကို ထောက်ရှုခြ အဆိုပါစီရင်ချက်ပါ အဓိကဥပဒေကောက်ချက်များနှင့် သက်သေအထောက်အထားသုံးသပ်မှုအချို့အပေါ် ပါတီအနေဖြင့် အပြည့်အဝသဘောတူလက်ခံနိုင်ခြင်းမရှိပါကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။

၃။ ထို့အပြင် စီရင်ချက်၌ပင် စာချုပ်အပိုဒ် ၂ (ဂ) ပါ ရှုပ်ပိုင်းဆိုင်ရာ ပျက်သုဉ်းစေရန် လူနေမှုအခြေအနေများ တမင်ဖန်တီးခြင်း စွပ်စွဲချက်ကို သက်သေမပြနိုင်ကြောင်း ဆုံးဖြတ်ခဲ့ခြင်း၊ တိုက်ရိုက်နှင့် လူသိရှင်ကြား လှုံ့ဆော်မှု စွပ်စွဲချက်ကို ၁၄-၁ မဲဖြင့် ပယ်ချခဲ့ခြင်းနှင့် ကျန်တောင်းဆိုချက်များကို ၁၅-၀ မဲဖြင့် ပယ်ချခဲ့ခြင်းတို့သည် ယခုအမှု၏အချက်အလက်နှင့် ဥပဒေကြောင်းဆိုင်ရာရှုပ်ထွေးမှုကို ထင်ဟပ်လျက်ရှိပါသည်။

၄။ အပြည်ပြည်ဆိုင်ရာတရားရုံး၏ စီရင်ချက်ပါ အဓိကဥပဒေကောက်ချက်အပေါ် သဘောထားကွဲလွဲသော်လည်း နိုင်ငံတကာဥပဒေစံနှုန်းများနှင့် တရားဥပဒေစိုးမိုးရေးမူဝါဒကို အစဉ်အလေးထားပါသည်။ မည်သည့်လူမျိုးစု၊ ဘာသာရေးအသိုင်းအဝိုင်းအပေါ်မဆို ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လုံးဝဆန့်ကျင်ပြီး ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအတွင်း ဥပဒေချိုးဖောက်မှုများရှိခဲ့ပါက ပြည်တွင်းတရားစီရင်ရေးစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ စုံစမ်းစစ်ဆေးအရေးယူခြင်းနှင့် လိုအပ်သော ပြည်တွင်းဥပဒေပြဋ္ဌာန်း ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်ရန် အခိုင်အမာ နားလည်လက်ခံသဘောတူပါသည်။

၅။ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ဒေသခံပြည်သူအားလုံး၏ ဘေးကင်းလုံခြုံရေး၊ လူသားချင်း စာနာထောက်ထားမှုအကူအညီများ ရရှိရေးနှင့် နေရပ်စွန့်ခွာသူများအရေးအား တည်ဆဲဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ လူဂုဏ်သိက္ခာရှိရှိ ရေရည်တည်တံ့သောအဖြေရှာနိုင်ရေးတို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် အဓိကကျကြောင်း ယုံကြည်ပါသည်။

၆။ စီရင်ချက်အရ လာမည့် ၂ နှစ်အတွင်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် နိုင်ငံတကာသံတမန်ရေးရာစိစဉ်ခေါ်ယူမှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ရပ်တည်မှုများကို အစဉ်တစိုက်ထောက်ခံအားပေး ... ရပ်တည်သွားမည်ဖြစ်ကြောင်းနှင့် ... အပြည်ပြည်ဆိုင်ရာတရားရုံး၏ စီရင်ချက်တွင် ပါရှိသော ... ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် တရားမမျှတစွာ စီရင်ဆုံးဖြတ်မှုများကို လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်း လေးနက်စွာ သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်သူ့ရှေ့ဆောင်ပါတီ
People's Pioneer Party

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

✣ မြန်မာ့ထောပတ်သီးမှ

ဒေသမျိုးဆိုရင် အမရာအသီးကို ကြိုက်ကြပြီး ပြည်ပမျိုးဆိုရင် ဟတ်စ်အသီးကို နှစ်ခြိုက်ကြတယ်။ အဓိကစျေးကွက်ရဖို့လိုတာပါ။ တရုတ်နိုင်ငံက ရှမ်းပြည်နယ်က ခြံတွေနဲ့ စက်ရုံတွေကို လာကြည့်ပြီးပါပြီ။ ဒုတိယပိုင်းစာချုပ်မူကြမ်းလက်မှတ်ရေးထိုးတဲ့အပိုင်းလည်း ပြီးသွားပါပြီ။ နောက်ဆုံးအဆင့်ပဲကျန်ပါတော့တယ်။ ထိုင်းကိုလည်း တရားဝင်တင်ပို့နိုင်ဖို့ ကြိုးစားနေသလို အိန္ဒိယနိုင်ငံကလည်း မြန်မာထောပတ်သီးကို ကြိုက်နှစ်သက်တဲ့အတွက် တင်ပို့ခွင့်ရပြီဆိုရင် မြန်မာ့ထောပတ်သီး တင်ပို့မှုကနေ နိုင်ငံခြားငွေရရှိလာမှာပါ။ စျေးကွက်ပွင့်သွားပြီဆိုတာနဲ့ ထောပတ်သီးတင်ပို့မှုကနေ တစ်နှစ်ကို အမေရိကန်ဒေါ်လာသန်း ၁၀၀ အထက်ရရှိနိုင်ပါတယ်"ဟု မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခွန်ထွန်းထွန်းဝင်းက ပြောသည်။

ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ဒေသမျိုးထောပတ်သီးကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဟောင်ကောင်သို့ စတင် တင်ပို့ခဲ့ပြီး စျေးကွက်ဝင်တင်ပို့နိုင်ရန် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားမှ မျိုးစိတ်များဖြစ်သည့် ဟတ်စ်ထောပတ်သီးမျိုးစိတ်အပါအဝင် စူတာနီး၊ ရိစ်၊ လန်းဟတ်စ်၊ ဘောကွန် စသည့်ထောပတ်သီးမျိုးစိတ် ငါးမျိုးကို တရားဝင် တင်သွင်းခဲ့သည်။

ရှမ်းပြည်နယ်တွင် စျေးကွက်ဝင်ဖြစ်သည့် ဟတ်စ်နှင့် ဘွတ်စ်ဆဲလ်ဗင်းကို အဓိကစိုက်ပျိုးလာပြီး ထောပတ်သီးရာသီထက် ကြိုတင်ထွက်လေ့ရှိသည့် ကျန်ပြည်ပမျိုးစိတ်လေးမျိုးကိုလည်း စိုက်ပျိုးမှုရှိသည်။

ပြည်ပစျေးကွက်သို့ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်ပို့နေသည့် ထောပတ်သီးများသည် အောက်တိုဘာလတွင် ရာသီကုန်ချိန်ရောက်ရှိပြီး မြန်မာ့ထောပတ်သီးများက နိုဝင်ဘာလမှ ဇန်နဝါရီလအထိ ထွက်ရှိကာ အရည်အသွေးကောင်းမွန်မှုကြောင့် စျေးကွက်ရရှိလာသည်။

ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်အတူ အအေးခန်းစက်ရုံများ၊ ထုပ်ပိုးစက်ရုံများ အပါအဝင် စက်ရုံပိုင်းဆိုင်ရာ လိုအပ်လျက်ရှိရာ လုပ်ငန်းရှင်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရေတို အကျိုးအမြတ်ထက် နိုင်ငံစီးပွားနှင့်တောင်သူအကျိုးစီးပွားကို အထောက် အကူဖြစ်စေမည့် စက်ရုံပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပေါင်းစပ်ပါဝင် ဆောင်ရွက်မှုဖြင့် အသီးအနှံတင်ပို့မှုမှ ရရှည်နိုင်ငံခြားဝင်ငွေရရှိမှု ခိုင်မာစေမည်ဖြစ်ကြောင်း ထောပတ်သီးစိုက်ပျိုးတောင်သူများက အကြံပြုကြသည်။

၂၀၂၆ ထောပတ်သီးပွဲတော်ကို တောင်ကြီးမြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနခွဲ နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တာ ကျင်းပလျက်ရှိပြီး ပွဲတော်တွင် ထောပတ်သီးကို ဖျော်ရည်အဖြစ် သောက်သုံးမှုအပြင် ထောပတ်သီးသုပ်၊ ငါးပိရည်အတို့၊ ထောပတ်သီးပလာတာ၊ အစပ်သုပ်၊ အဆိမိုသုပ်အပါအဝင် အခြားနည်းလမ်းများဖြင့် အရောင်းမြှင့်တင်ပြသလျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ - ခွဲမာန်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအား အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့်အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် (၅)ထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှု။

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



အိန္ဒိယဝယ်လိုအား အပြောင်းအလဲကြောင့် မြန်မာ့ပို့ကုန်ပဲစေ့ဈေးနှုန်းများ အတက်အကျရှိနေ

မန္တလေး နိုဝင်ဘာ ၂၂

အိန္ဒိယဈေးကွက်၏ ဝယ်လိုအားနှင့် ဈေးနှုန်းအပြောင်းအလဲများကြောင့် မြန်မာ့ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံတို့၏ ပြည်တွင်းဈေးနှုန်းများ အတက်အကျ ဖြစ်ပေါ်နေကြောင်း ပဲစေ့ကုမ်ဏီအတွင်းမှ သိရသည်။

အိန္ဒိယဈေးကွက်တွင် မြန်မာ့မတ်ပဲ FOB ဈေးနှုန်းများ အကျဘက်တွင်ရှိနေပြီး မတ်ပဲ FAQ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၈၀၊ မတ်ပဲ SQ တစ်တန်လျှင် ဒေါ်လာ ၉၄၀ ဖြင့် ဈေးဖွင့်ထားသည်။

မြန်မာ့ဈေးကွက်တွင်မူ မတ်ပဲ FAQ တစ်တန်လျှင် ဒေါ်လာ ၈၆၅/၈၇၅ မှ ၈၇၀/၈၈၀ သို့ ဈေးပြောင်းလဲခဲ့ပြီး မတ်ပဲ SQ တစ်တန်လျှင် ဒေါ်လာ ၉၃၀/၉၄၀ ဖြင့် ဈေးဖွင့်ထားသည်။

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းမတ်ပဲဈေးနှုန်းများမှာ လည်း အတက်အကျရှိခဲ့ပြီး မတ်ပဲ FAQ တစ်တန်လျှင် ငွေကျပ် ၃၆၇၁၀၀၀ မှ ၃၆၈၄၀၀၀ အထိ မြင့်တက်ခဲ့ပြီးနောက် ငွေ ကျပ် ၃၆၆၇၀၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။

မတ်ပဲ SQ တစ်တန်လျှင်လည်း ငွေကျပ် ၃၉၃၀၀၀၀ မှ ၃၉၄၄၀၀၀ အထိ မြင့်တက်ခဲ့ပြီးနောက် ငွေကျပ် ၃၉၂၇၀၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။

ပဲစင်းငုံဈေးနှုန်း မြင့်တက်လာ

ပဲစင်းငုံ ဈေးကွက်တွင်မူ အိန္ဒိယဈေးကွက်၏ အပြောင်းအလဲများကြောင့် မြန်မာ့ပဲစင်းငုံ FOB ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ပဲစင်းငုံနီ အဟောင်းတစ်တန်လျှင် ဒေါ်လာ ၉၁၀/၉၂၀ မှ ၉၅၀/၉၆၀ သို့လည်းကောင်း၊ အသစ်တစ်တန်လျှင် ဒေါ်လာ ၉၄၀/၉၅၀ မှ ၉၇၀/၉၉၀ သို့လည်းကောင်း ဈေးပြောင်းလဲခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း ရန်ကုန်ဈေးကွက်၌ ပဲစင်းငုံနီ တစ်တန်လျှင် ငွေကျပ် ၄၂၇၅၀၀၀ မှ ၄၂၉၅၀၀၀ သို့ ဈေးမြင့်တက်ခဲ့သည်။ **(ဝဲပုံ)**

မန္တလေးဈေးကွက်တွင်မူ ပဲစင်းငုံဈေး အနည်းငယ်ပြန်လည် အေးလာပြီး ပဲစင်းငုံနီတစ်တန်လျှင် ငွေကျပ် ၄၁၈၄၀၀၀ ကျော်မှ ၄၁၃၃၀၀၀ ကျော်သို့ ကျဆင်းခဲ့ကြောင်း သိရသည်။ **ရွှေမန်း**



မန္တလေးတက္ကသိုလ်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၂

မန္တလေးတက္ကသိုလ်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို နိုဝင်ဘာ ၂၁ ရက်နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော် လင်းခိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွှန့်ဝင်းအောင်နှင့်အဖွဲ့၊ အမှတ်(၉)မြို့မရဲစခန်း ဒုတိယရဲမှူး ရဲသုရမြင့်စော်ဦးစီးအဖွဲ့၊ မန္တလေးမြို့တော်စည်ပင် သာယာရေး ကော်မတီသန့်ရှင်းရေးဌာနမှ ဌာနစုမှူး ဦးစော်မင်းဦး ဦးစီး ၇၀ ဦး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းထွဋ်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့များ စုစုပေါင်း အင်အား ၃၀၀ ဦးခန့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ နေရာသို့ ပြည်သူလွတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း(ခ)ဦးယဉ်မောင်ထွန်း၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးမြင့်အေး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးသွင်ကျော်ကျော်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်နှင့် အဖွဲ့မှ မန္တလေးတက္ကသိုလ်ဝင်း အတွင်းရှိ ချုံနွယ်ပေါင်းပင်များနှင့် ပလတ်စတစ်အမှိုက်များ ရှင်းလင်းခြင်း မလိုအပ်သော သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းခုတ်ထွင်ခြင်း၊ ခြင်၊ ယင်၊ ပိုးမွှားများ ကင်းဝေးစေပြီး ရေစီး၊ ရေလာကောင်းမွန်စေရေးတို့အတွက် ရေမြောင်းဆယ်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၀၅၆)**

အိတလိဝီးရိုးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂)အနိုင်၊ အရှုံး				NGB
ဂျူပင်တပ်	၄	-	၀	ပင်နိစီယာ
ဘိလော့ဂ်နာ	၁	-	၁	အူဒီးနီစ်

စပိန်လာလိဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃) အနိုင်၊ အရှုံး				NGB
ဘာစီလိုနာ	၃	-	၂	ဗီလာရီးရဲလ်
ရေးဆင်း	၃	-	၂	ဆိုစီဒက်

ဂျာပန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁)အနိုင်၊ အရှုံး				NGB
အော့စ်ဘတ်	၃	-	၁	မိန့်ဇ်
ဝါဒါဘရိုမင်	၄	-	၀	ဟမ်းဘတ်

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) အနိုင်၊ အရှုံး				NGB
ဟာလ်စီးတီး	၂	-	၀	ဘရိုက်တန်
လီဗာပူး	၄	-	၀	မန်ယူ

ပြင်သစ်လိဂ်း ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) အနိုင်၊ အရှုံး				NGB
ပဲရစ်	၄	-	၀	အန်းဂါးစ်
လိုရိယန့်	၁	-	၁	ရင်းနက်စ်

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆) အနိုင်၊ အရှုံး				NGB
ဘန်လေ	၂	-	၂	ဘလက်ဘန်း

နိုင်ငံတကာ အားကစား သတင်းများ



အာမက်ဒီယာလို မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၂

မန်ယူအသင်းတောင်ပံကစားသမား အာမက်ဒီယာလိုသည် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် အက်စတွန်ဗီလာ အသင်းအပြင် တူရကီကလပ် အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(ဝဲပုံ)**

တောင်ပံကစားသမား အာမက်ဒီယာလိုသည် မန်ယူအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၅ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် အာမက်ဒီယာလို အနေဖြင့် မန်ယူအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

ဝေးမိုယာကို ခေါ်ယူရန် လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ အပြိုင်စိတ်ဝင်စား

လန်ဒန် နိုဝင်ဘာ ၂၂

လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့သည် မိုချန်ဂလာဘတ်အသင်း ကွင်းလယ်ကစားသမား ဝေးမိုယာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မိုချန်ဂလာဘတ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၀ ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့က ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။

မိုချန်ဂလာဘတ်အသင်းက လည်း ဝေးမိုယာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ ဆောင်းရာသီဈေးကွက်အတွင်းတွင် ဝေးမိုယာကို မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**



ရီးရဲလ်မက်ဒရစ်အသင်းက ဆိုစီဒက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

မက်ဒရစ် နိုဝင်ဘာ ၂၂

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဆိုစီဒက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက ဆိုစီဒက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၆မိနစ်တွင် ဘယ်လင်ဟမ်၊ ပွဲချိန် ၈၅မိနစ်တွင် ကားလို့စ်အက်စ်ပီတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၉ရက်တွင် အလာဗက်စ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၄-၁၁-၂၀၂၆ နံနက်၀၂း၃၀နာရီ	လီဗန်တေး - အယ်လ်ချီ	လီဗန်တေး ၃-၂ အယ်လ်ချီ အယ်လ်ချီ ၂-၀ လီဗန်တေး

အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၄-၁၁-၂၀၂၆ နံနက်၀၂း၃၀နာရီ	ဘရန့်ဖို့ဒ် - အဲဗာတန်	ဘရန့်ဖို့ဒ် ၂-၂ အဲဗာတန် အဲဗာတန် ၂-၄ ဘရန့်ဖို့ဒ်

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၄-၁၁-၂၀၂၆ နံနက်၀၂း၁၅နာရီ	မွန်ဇာ - ဖီအိုရင်တီးနား	မွန်ဇာ ၂-၁ ဖီအိုရင်တီးနား ဖီအိုရင်တီးနား ၂-၂ မွန်ဇာ

၂၀၂၄-၂၅

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၃-၁၁-၂၀၂၆ တနလ်ာနေ့	ညနေ၃း၃၀နာရီ	ရန်ကုန်စီးတီး - ဟံသာဝတီ	———
၊	ညနေ၄း၀၀နာရီ	ချင်းလန်း - ဧရာဝတီ	ချင်းလန်း ၁-၁ ဧရာဝတီ ဧရာဝတီ ၄-၁ ချင်းလန်း

၂၀၂၃-၂၄

နည်းပြ အက်ကတ် ဆောက်သမ်တန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

လန်ဒန် နိုဝင်ဘာ ၂၂



ဆောက်သမ်တန်အသင်းသည် အသင်းနည်းပြ အက်ကတ်ကို ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ယခုနှစ် ဘောလုံးရာသီ အင်္ဂလိပ် ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် ၁၆ပွဲကစား အပြီးတွင် ရမှတ် ၂၇မှတ်ဖြင့် အဆင့် ၆နေရာတွင် ရပ်တည်ပြီး ရလဒ်များ ကောင်းမွန်ခြင်းကြောင့် နည်းပြ အက်ကတ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

နည်းပြ အက်ကတ်သည် ဆောက်သမ်တန်အသင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၅၈ပွဲတွင်၊ ၃၅ပွဲနိုင်၊ ၁၃ပွဲသရေ၊ ၁၀ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နည်းပြ အက်ကတ်က ‘အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ’ ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

ဟယ်ရီကိန်း ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးလခန့် အနားယူရဖွယ်ရှိ

မြူးနစ် နိုဝင်ဘာ ၂၂

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးလခန့် အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ကိုလုံးအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ပိုင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၃ ပွဲကစားကာ ၁၅၆ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ **(အပေါ်ဝဲပုံ) (NGB)**

ချဲလ်ဆီးအသင်းဘက်သို့ တစ်ပွဲတည်း နှစ်ဂိုးသွင်းယူနိုင်သည့် လိဒ်စ်ကစားသမားအဖြစ် အိုကာဖော်မှတ်တမ်းဝင်

လန်ဒန် နိုဝင်ဘာ ၂၂

တိုက်စစ်မှူး အိုကာဖော်သည် ချဲလ်ဆီးအသင်းဘက်သို့ တစ်ပွဲတည်း နှစ်ဂိုးသွင်းယူနိုင်သည့် လိဒ်စ်ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လိဒ်စ်အသင်းက ချဲလ်ဆီးအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အိုကာဖော်သည် လိဒ်စ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ အိုကာဖော်က ‘ယခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေ အပြင် အသင်းနဲ့အတူအောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ’ ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



ယူအီးအက်ဖ်အေနေးရှင်းလိဂ် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များထွက်ပေါ်



လန်ဒန် နိုဝင်ဘာ ၂၂

ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ယူအီးအက်ဖ်အေနေးရှင်းလိဂ် ကွာတားဖိုင်နယ်အဆင့်တွင် နယ်သာလန်အသင်းနှင့် ပေါ်တူဂီအသင်း၊ စပိန်အသင်းနှင့် ပြင်သစ်အသင်း၊ ဘယ်လ်ဂျီယံအသင်းနှင့် ဂျာမနီအသင်း၊ နော်ဝေအသင်းနှင့် အင်္ဂလန်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ယူအီးအက်ဖ်အေနေးရှင်းလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ၂၀၂၇ခုနှစ် မတ်၂၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ချန်ပီယံဆု ဆွတ်ခူးရန် စပိန်အသင်းက ရေပန်းစားလျက်ရှိသည်။ **(ဝဲပုံ) (NGB)**

ကိုရီးယား-မြန်မာ အနုပညာရှင်များ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ချစ်ကြည်ရေးဂီတဖျော်ဖြေပွဲ မန္တလေးမြို့၊ အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပ၊ ကြည့်ရှုအားပေးကြသည့် ဧည့်ပရိသတ်များဖြင့် စည်ကား



မန္တလေး နိုဝင်ဘာ ၂၂

ကိုရီးယား-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးများ ပိုမိုတိုးတက်ခိုင်မာစေရန် ရည်ရွယ်၍ အားကစားနှင့်အနုပညာပေါင်းစပ်ကာ နှစ်နိုင်ငံ အနုပညာရှင်များ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ (Korea-Myanmar Future Hope Dream Festival 2026 Celebrity Soccer Game and K & M POP Concert)ကို ယနေ့ည နေပိုင်းက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပရာ နှစ်နိုင်ငံ နိုင်ငံကျော်အနုပညာရှင်များ ချစ်ခင်ရင်းနှီးမှုအပြည့်ဖြင့် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည့် ဧည့်ပရိသတ်များဖြင့် စည်ကားခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနား ဖြစ်မြောက်အောင် စီစဉ်ပေးခဲ့ကြသည့် မြန်မာနိုင်ငံနှင့်ကိုရီးယားနိုင်ငံတို့မှ တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး နှစ်နိုင်ငံမှ နိုင်ငံကျော်အနုပညာရှင်များ၊ အားကစားသမားများနှင့် ကြည့်ရှုအားပေးကြသူ ပရိသတ် ၈၀၀၀ ဦးခန့် ရှိပြီး ဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှုအကဖြင့် ကပြတင်ဆက်ခဲ့သည်။

ဆက်လက်၍ ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ကိုရီးယား-မြန်မာ နှစ်နိုင်ငံအနုပညာရှင်များ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားပြီးနောက် ဆိုးလ်မြို့တော်ကောင်စီအမတ်မှ Video Clip ဖြင့် ပေးပို့သည့် နှုတ်ခွန်းဆက်ဂုဏ်ပြုစကားကို ဖွင့်လှစ်ပြသပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ကိုရီးယားသမ္မတနိုင်ငံတော်သီချင်းတို့ကို သီဆိုကြသည်။

ဌင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများသည် နှစ်နိုင်ငံချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြသည့် ကိုရီးယား-မြန်မာ နှစ်နိုင်ငံအနုပညာရှင်များအား လိုက်လံနှုတ်ဆက်ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြပြီးနောက် နှစ် နိုင်ငံ အနုပညာရှင်များ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် အနုပညာရှင်များ အားကစားနှင့် အနုပညာပေါင်းစပ်ကာ ချစ်ခင်ရင်းနှီးမှု အပြည့်ဖြင့် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ မြန်မာအနုပညာရှင်များက ကိုရီးယားအနုပညာရှင်များကို ခြောက်ပိုး၊ သုံးပိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ချစ်ကြည်ရေးဂီတ ဖျော်ဖြေပွဲကို ဆက်လက်ကျင်းပခဲ့ပြီး နှစ်နိုင်ငံမှ နိုင်ငံကျော်အဆိုတော်များက ဧည့်ပရိသတ်အား မြူးကြွသည့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း၊ အားကစားနှင့် အနုပညာဆိုင်ရာလှုပ်ရှားမှု တစ်ရပ်အပြင် ခရီးသွားကဏ္ဍ ပိုမိုတိုးတက်မှုကို များစွာအထောက်အကူပြုကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









ဆောင်းမြေပဲစိုက်ခင်းအတွင်း သဘာဝရွက်ဖျန်း အားဆေးပက်ဖျန်းခြင်း ကွင်းသရုပ်ပြ

ကျွန်းလှ နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဆောင်းမြေပဲစိုက်ခင်းအတွင်း သဘာဝရွက်ဖျန်းအားဆေးပက်ဖျန်းခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက လယ်လှကျေးရွာ၊ ကွင်းအမှတ်(၂၉၇)တောင်သူဦးသိန်းရှောင်၏ မြေပဲစိုက်ခင်းလေးဧကခွဲ ကျင်းပခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မြေပဲစိုက်ခင်းများအတွင်း သဘာဝရွက်ဖျန်းအားဆေး အသုံးပြုခြင်းဖြင့် အရွက်များ ညှိုးနွမ်းပါက ပြန်လည်လန်းဆန်းစေခြင်း၊ အဏုဇီဝပိုးများ အစာချက်လုပ်နိုင်ရန် ထောက်ပံ့ပေးခြင်း၊ သီးနှံရင့်မှည့်ချိန် သီးနှံများ အာဟာရပြည့်ဝပြီး အစေ့အဆန်အောင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူများအား ရွက်ဖျန်းအားဆေးဘူးများ ပေးအပ်ခဲ့သည်။

မန္တလေးမြို့တွင် ထိုင်းနိုင်ငံဖရာထိုင်းဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ ကျန်းမာရေးဆွေးနွေးဟောပြောပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၂

Wecare Healthcare နှင့် ထိုင်းနိုင်ငံဖရာထိုင်းဆေးရုံကြီးနှင့် Aung Ti Tant Health(ATT)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ထိုင်းနိုင်ငံ ဖရာထိုင်းဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ ကျန်းမာရေးဆွေးနွေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် Sakaura Princess ဟိုတယ်ချယ်ရီခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ Wecare Health carer မှ Founder ဆရာစိုင်း Business Development Executive ဒေါက်တာရဲခွေးတို့က Wecare Medical Tourism ၏ ဝန်ဆောင်မှုများအကြောင်း ရှင်းလင်းပြောကြားကြပြီး Aung Ti Tant Health Care(ATT)၏ ဝန်ဆောင်မှုအကြောင်း တာဝန်ခံဒေါက်တာဝင်းဝင်းကြိုင်က မိတ်ဆက်ပြောကြားခဲ့သည်။

ထို့နောက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ ဖရာထိုင်းဆေးရုံကြီးမှ ဦးနှောက်၊ ကျောရိုးမ၊ အာရုံကြောခွဲစိတ်အထူးကုပါရဂူ Dr. Nattawut Nilijianskul က ကျန်းမာရေးအသိပညာကို မျှဝေဟောပြောပြီး ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ ဖရာထိုင်းဆေးရုံကြီးမှ ကင်ဆာရောဂါကုသမှုဆိုင်ရာ ကင်ဆာဆေးပညာအထူးကု ဆရာဝန် Dr. Pisuth Garnpaksee က ကျန်းမာရေးအသိပညာများကို မျှဝေဟောပြောကြသည်။

ဆက်လက်၍ အထူးကုဆရာဝန်ကြီးနှစ်ဦးနှင့် လူနာများတိုက်ရိုက်ဆွေးနွေးခြင်းများ ပြုကြပြီး တက်ရောက်လာသူအပေါင်းအား Wecare မှ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

(အောက်ပုံ)

Wecare မှ ထိုင်းနိုင်ငံရှိ ဆေးရုံကြီးများသို့ သွားရောက်ဆေးဝါး ကုသမှုခံယူလိုသူများအတွက် လူနာ၏ဆေးစစ်ချက်များကို ဆေးရုံသို့ ပို့၍ သက်ဆိုင်ရာဆရာဝန်ကြီးများနှင့် အသေးစိတ်ဆွေးနွေးပေးခြင်း၊ နိုင်ငံဝင်ခွင့်ဗီဇာလျှောက်ထားပေးခြင်း လေယာဉ်လက်မှတ် တည်းခိုရမည့်နေရာ ဟိုတယ်စီစဉ်ပေးခြင်း စကားပြန်လိုအပ်ပါက စီစဉ်ဆောင်ရွက်မှုများ ဝန်ဆောင်မှုများကို အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၀၇၀)



အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ကျွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးမိုးဇော်သူနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၀)

ပွင့်လင်းရာသီတွင် ပုသိမ်ထီးစျေးကွက် အရောင်းအဝယ်သွက်နေ



ပုသိမ် နိုဝင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၏ မြန်မာ့ရိုးရာလက်မှုအနုပညာတစ်ခုဖြစ်သည့် ပုသိမ်ထီးလုပ်ငန်းမှာ ပွင့်လင်းရာသီတန်ဆောင်တိုင်ကထိန်အလှူရာသီအတွက် ပြည်တွင်းမှ ဝယ်ယူမှုများရှိနေသဖြင့် စျေးကွက်အတွင်း အရောင်းအဝယ်သွက်လျက်ရှိကြောင်း ထီးလုပ်ငန်းရှင်များထံမှ သိရသည်။

ပုသိမ်ထီးလုပ်ငန်းသည် မန္တလေးမြို့၏ ရွှေချည်ထိုး၊ ငွေချည်ထိုးလုပ်ငန်းနှင့် ပုဂံမြို့၏ ယွန်းထည်လုပ်ငန်းတို့ကဲ့သို့ မြန်မာနိုင်ငံတွင် ထင်ရှားသည့် ရိုးရာလက်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်တွင်းသာမက ပြည်ပစျေးကွက်များတွင်ပါ လူကြိုက်များကြောင်း သိရသည်။

ပုသိမ်ထီးများကို အစောပိုင်းက ဆီစိမ်စက္ကူဖြင့် ပြုလုပ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ဖျင်စက္ကို တည်ရေသုတ်လိမ်းပြီး ဆီစိမ်၍ ရေစိုခံအောင် ပြုလုပ်လာကြသည်။ ထီးထုတ်လုပ်ရာတွင် မအူသစ်၊ ထီးရိုးဝါး၊ သရကူဝါးနှင့် မြန်မာပိတ်စများ အပါအဝင် ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုကြပြီး ထီးရွက်များပေါ်တွင် ကနုတ်ပန်း၊ ရွှေခင်ပုံနှင့် ရွေးဟောင်းပန်းချီလက်ရာများ ရေးဆွဲအလှဆင်ကြသည်။

ယခုနှစ် တန်ဆောင်တိုင် ကထိန်အလှူရာသီအတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မြဝတီနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အလှဆောင်ထီးများ လာရောက်ဝယ်ယူမှုရှိနေသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းရှိ ဒ့ဋ္ဌဝတီတံတားသစ် တည်ဆောက်မှု ၇၈ ရာခိုင်နှုန်း ပြီးစီး လာမည့်နှစ် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်၍ ပြည်သူများ သွားလာနိုင်ရန် ဆောင်ရွက်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၂

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၅၈/၁-၃) ရှိ ဒ့ဋ္ဌဝတီတံတားအဟောင်းနေရာတွင် တည်ဆောက်နေသည့် လေးလမ်းသွား ဒ့ဋ္ဌဝတီတံတား သစ်မှာ လက်ရှိတွင် ၇၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လာမည့် ၂၀၂၇ ခုနှစ် မတ်လတွင် အပြီးသတ်ဆောင်ရွက်၍ အများပြည်သူသွားလာနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခင် ဒ့ဋ္ဌဝတီတံတား အဟောင်းမှာ အရှည် ပေ ၇၀၀ ရှိပြီး ၁၉၉၉ ခုနှစ်တွင် မြစ်ငယ်မြစ်ကို ဖြတ်ကျော်တည်ဆောက်ခဲ့ရာ သက်တမ်း ၂၆ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လူပ်ခတ်ခဲ့သော မန္တလေးငလျင်ကြောင့် တံတားတစ်စင်းလုံးပြိုကျပျက်စီးခဲ့ပြီး လမ်းပန်းဆက်သွယ်မှုပြတ်တောက်ခဲ့သည်။

လက်ရှိတွင် အမြန်လမ်း အသုံးပြုမော်တော်ယာဉ်များသည် မိုင်တိုင်အမှတ် (၃၅၂/၆) စကားအင်းအိုင်းမှ တစ်ဆင့် ပလိပ်သို့သွားသည့် ခြောက်လမ်းသွား ရန်ကုန်-တောင်ငူ-မန္တလေး လမ်းမကြီးဘက်သို့ကူး၍ မန္တလေးမြို့သို့ သွားလာနေကြရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် မန္တလေးအထိ လမ်းကြောပြတ်တောက်မှုမရှိစေဘဲ အချိန်တိုအတွင်း သွားလာနိုင်စေရန်အတွက် ကျိုးကျသွားသည့် တံတားအဟောင်း၏ ရေဆန်ဘက် ပေ ၉၀ အကွာတွင် တံတားအသုံးကြောင်းသစ်ရွေးချယ်ကာ စုစုပေါင်း အရှည် ပေ ၁၀၀၀ ရှိ လေးလမ်းသွား တံတားတစ်စင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ (အောက်ပုံ)

အဆိုပါ တံတားအသစ်ပြန်လည်တည်ဆောက်ခြင်းမပြုမီ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ တံတားကျွမ်းကျင် အင်ဂျင်နီယာပညာရှင်များဦးစီး၍ တံတားတည်ဆောက်မည့်နေရာတွင် ဘူမိရူပဗေဒတိုင်းတာခြင်းလုပ်ငန်းများ၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများ၊ မြစ်ကြောင်း တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး တံတားပုံစံကို ရေးဆွဲခဲ့သည်။



တံတားသစ်၏ ပင်မတံတား ခန်းဖွင့်ဖွဲ့စည်းပုံမှာ ၁၆၅ ပေ + ၂၇၀ ပေ + ၁၆၅ ပေ Steel Box Girder ဖြစ်ပြီး ချဉ်းကပ်တံတားများအဖြစ် ရန်ကုန်ဘက်ကမ်းတွင် ၁၀၀ ပေ (၂ ခန်း) နှင့် မန္တလေးဘက်ကမ်းတွင် ၁၀၀ ပေ (၂ ခန်း) ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများဖြင့် စုစုပေါင်း ပေ ၁၀၀၀ တည်ဆောက်သွားမည် ဖြစ်သည်။

ပင်မတံတား သံပေါင်ကို ပြည်တွင်း၌ပင် ဒီဇိုင်းထုတ်၍ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) မြောင်းတကာ သံမဏိစက်ရုံတွင် ထုတ်လုပ်ပြီး ကျန်တံတား အစိတ်အပိုင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

တံတားစီမံကိန်းကို Myanmar National Building Code 2025 ပါ ငလျင်ဒဏ်ခံနိုင်ရေး စံနှုန်းများအတိုင်း တွက်ချက် တည် ဆောက် ထား ပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံး အနေဖြင့် ပင်မတံတား Steel Box Girder များ၌ ငလျင်ဒဏ်ခံနိုင်သည့် Seismic Isolation Bearing Type ဖြစ်သည့် EradiQuake Bearing များကို လည်းကောင်း၊ ချဉ်းကပ်တံတား ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများ၌ High Damping Rubber Bearing (HDRB) များကိုလည်းကောင်း အသုံးပြုတပ်ဆင်တည်ဆောက်သွားမည် ဖြစ်သည်။

စီမံကိန်းနေရာသည် ဒ့ဋ္ဌဝတီမြစ်၊ ပန်းလောင်မြစ်နှင့် စမုံမြစ်တို့ ပေါင်းဆုံရာ အောက်ပိုင်းတွင် တည်ရှိပြီး ဧရာဝတီမြစ်ဝနှင့် နီးကပ်နေသည့် အပြင် အထက်ဘက် ၃၃ မိုင်ခန့်တွင် ရဲရွာရေလှောင်တမံရှိခြင်းနှင့် စစ်ကိုင်းပြတ်ရွှေသည် တံတား၏ အနောက်ဘက် ရေစုန်ဘက် ပေ ၁၇၅၀ အကွာမှ ဖြတ်သန်း သွားခြင်းတို့ကြောင့် မြစ်ရေအတက်အကျ၊ ရေစီးအားနှင့် ငလျင်ဒဏ်သက်ရောက်မှုများကို ဂရုပြုဆောင်ရွက်ခဲ့သည်။

မြစ်ညာအထက်တွင် ရဲရွာရေလှောင်တမံ ရှိနေသည့်အပြင် ဧရာဝတီမြစ်ဝနှင့် အလွန်နီးကပ်နေပါသဖြင့် ဧရာဝတီမြစ်ရေတိုး သည့်အချိန်တိုင်း မြစ်ရေထောက်ပြီး ငလျင်ဒဏ်ခံနိုင်ရေး ထည့်သွင်းစဉ်းစားထားသည့် လိုအပ်သော ပိုင်ထိပ်အုပ်အောက်ခြေအမြင့် Pile Cap Bottom Level အထက်မြစ်ရေရောက်ရှိမှု အချိန်သည် ယခင်နှစ်များ၏ ခန့်မှန်းအချိန်များထက် တံတားတည်ဆောက်စဉ် ကာလအတွင်း ပိုမိုကြာရှည်ခဲ့သည်။ ချဉ်းကပ်တံတားများကို ဆောင်ရွက်ရာတွင်လည်း မိုးတွင်းကာလ ရေလွှမ်းသည့် နေရာများဖြစ်ပါသဖြင့် ငလျင်ဒဏ်ခံနိုင်ရေး သတ်မှတ်ချက်များနှင့်အညီ စံချိန်စံညွှန်း ရရှိနိုင်ရေး တံတားတည်ဆောက်ရေး လုပ်ငန်းများကို ခက်ခဲစွာ အချိန်ယူဆောင်ရွက်ခဲ့ရသည်။

ထို့အပြင် ယခုနှစ်တွင် အချိန်အခါမဟုတ်သည့် ထူးကဲမိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ပုံမှန်မဟုတ်သည့် မြစ်ရေစောလျင်စွာ မြင့်တက်မှုများ ရှိခဲ့ပါသဖြင့် ယခင်နှစ်များတွင် တက်ခဲ့သည့် မြစ်ရေအမြင့်ပိုမို တက်ရောက်ခြင်းနှင့် အချိန်ပိုမို ကြာမြင့်ခဲ့မှုများကြောင့် ရေလည်တိုင် ဆောင်ရွက်ရာတွင် ရေလုံကျင်းအဖြစ် Sheet Pile များ ရိုက်၍ ရေစုတ်ထုတ်ပြီး ထူးခြားစွာ ပိုမိုဆောင်ရွက်ခဲ့ရသည်။

နွေကာလ ရေစုန်းနည်းချိန် လုပ်ငန်းအဆင့်ဆင့်ခွဲခြား ဆောင်ရွက်ခြင်းတို့ဖြင့် စံချိန်စံညွှန်းမီ အရည်အသွေးပြည့်မီစေရန် အချိန်ယူတည်ဆောက်ခဲ့ရသည်။

လက်ရှိတွင် တံတားတိုင် ဘိုးပိုင်အုတ်မြစ်လုပ်ငန်းများ၊ တိုင်ကိုယ်ထည့်လုပ်ငန်းများ၊ ချဉ်းကပ်တံတား ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မများ ကြိုတင်သွန်းလောင်း၍ တိုင်ပေါ် နေရာချခြင်း၊ သံကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းလုပ်ငန်းများ၊ ချဉ်းကပ်လမ်း မြေသားတာပေါင်လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကာ Steel Box Girder တပ်ဆင်ခြင်းနှင့် ချဉ်းကပ်လမ်း ကွန်ကရစ်ခင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်ဘက်ကမ်းနှင့် မန္တလေးဘက်ကမ်းပေါင်းကူးမည့် အဓိကတံတားလုပ်ငန်းအားလုံးကို လာမည့်နှစ် ဖေဖော်ဝါရီလကုန်တွင် အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ပြီး တံတားနှင့် ချဉ်းကပ်လမ်းပေါ် ကတ္တရာကွန်ကရစ်ခင်းခြင်း၊ လမ်းမီးတိုင်တပ်ဆင်ခြင်းနှင့် အချောသတ်လုပ်ငန်းများကို မတ်လတွင် အပြီးသတ်ပြီးစီးကာ အများပြည်သူသွားလာနိုင်ရန် ခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရွှေမန်း

တန်ဆောင်တိုင်ကာလ ပြင်ဦးလွင်မြို့ ခရီးသွားများဖြင့် စည်ကားနေ၊ ဟိုတယ်နှင့် တည်းခိုခန်းများ အခန်းပြည့်လျက်ရှိ

ပြင်ဦးလွင် နိုဝင်ဘာ ၂၂

တန်ဆောင်တိုင်ပွဲတော်ကာလ မရောက်မီကတည်းက ပြင်ဦးလွင်မြို့သို့ လာရောက် အပန်းဖြေသူများနှင့် ခရီးသွားဧည့်သည်များ သိသိသာသာများပြားလာပြီး မြို့တွင်းစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင်အားလပ်ရက်အတွင်း ပြင်ဦးလွင်မြို့သို့ လာရောက်မည့်သူများက ဟိုတယ်များ၊ မိုတယ်များနှင့် တည်းခိုခန်းများကို ကြိုတင်မှာယူထားကြသည့်အတွက် အချို့နေရာများတွင် အခန်းပြည့်နေပြီဖြစ်သည်။

လက်ရှိတွင် အခန်းကြိုတင်မှာယူမှုများ ဆက်လက်များပြားနေပြီး ပွဲတော်ရက်နီးလာသည်နှင့်အမျှ တည်းခိုရန်နေရာ ရရှိရန် ပိုမိုခက်ခဲလာနိုင်သည်။

ပြင်ဦးလွင်မြို့သည် အေးမြသည့်ရာသီဥတု၊ သဘာဝရှုခင်းများနှင့် အပန်းဖြေလည်ပတ်စရာ နေရာများကြောင့် တန်ဆောင်တိုင် ကာလတွင် ခရီးသွားများ အထူးစိတ်ဝင်စားသည့် မြို့တစ်မြို့ဖြစ်ပြီး ယခုနှစ်တွင်လည်း မိသားစုများ၊ လူငယ်များနှင့် မိတ်ဆွေအုပ်စုများ လာရောက်လည်ပတ်မှု ပိုမိုများပြားလာလျက်ရှိသည်။

ထို့အပြင် မြို့တွင်းရှိ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များနှင့် ဈေးဝယ်ရာနေရာများတွင်လည်း လာရောက်သူများဖြင့် စည်ကားနေပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများလည်း ပိုမိုလှုပ်ရှားလာလျက်ရှိသည်။

တန်ဆောင်တိုင်ပွဲတော်ရက်များအတွင်း ပြင်ဦးလွင်မြို့သို့ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များ ဆက်လက် တိုးပွားလာနိုင်သဖြင့် ဟိုတယ်နှင့် တည်းခိုခန်းများတွင် အခန်းကြိုတင်မှာယူမှုများ ပိုမိုမြင့်တက်လာနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

ကျော်စေယျ(မန္တလေးနေ့စဉ်)



တန်ဆောင်မုန်းလပြည့်ညနှင့် ဆေးဖက်ဝင် မဲဇလီပင်အကြောင်း သိကောင်းစရာ

မဲဇလီဆိုသည်မှာ ရွက်ပေါင်းအရွက်ရှိ၍ အဝါရောင်အပွင့်များ အချိန်လိုက်ဖူးပွင့်သည့် ပင်စောက်ကြီးတစ်မျိုး(အရွက်၊ အဖူး စသည်ကို ဟင်းလျာအဖြစ် စားသုံးပြီး အရသာခါး၍ ဆေးဖက်ဝင်သည်)ဟု မဲဇလီနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပါတယ်။ ထူပါရုံစေတီ ကျောက်စာပေါ်တွင် ရေးထွင်းထားသော မှတ်တမ်းစာအရ ရှေးယခင်က မဲဇလီပင်ကို 'မည်ဇရီပင်' ဟုခေါ်ရာမှ အသံထွက်အလိုက် မယ်ဇရီ ဖြစ်လာပါသည်။ ထို့နောက် ကာလကြာတဲ့အခါ မယ်ဇရီမှ မယ်ဇလီ-မဲဇလီဟု အဆင့်ဆင့် အသံထွက်ပြောင်း၍ ခေါ်ဝေါ်လာခဲ့ကြပါတယ်။ နေရာဒေသပေါ်မူတည်ပြီး တချို့က မဥ္ဆရီပင်ဟု ခေါ်ကြသလို ကချင်လူမျိုးတို့က မယ်ဂျူရီပင်ဟုလည်းကောင်း၊ ရှမ်းလူမျိုးတို့က မယ်ပဥ္စလီဟုလည်းကောင်း၊ ကရင်လူမျိုးတို့က ပီတစ်ခါလဟုလည်းကောင်း ခေါ်ဆိုကြပါသည်။ မဲဇလီဖူးသည် နုသည့်အချိန်တွင် အစိမ်းဖျော့ရောင်ဖြစ်ပြီး ရင့်လာသည့်အခါ အညိုရောင် ပြောင်းသွားတတ်ပါသည်။

မဲဇလီပင်အကြောင်းကိုရေးလျှင် တန်ဆောင်မုန်းလအကြောင်းကိုလည်း ချန်ထား၍မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ရှေးလူကြီး သူမများလက်ထက် ကုန်းဘောင်ခေတ်ကတည်းက တန်ဆောင်မုန်းလပြည့်ညရောက်တိုင်း မဲဇလီဖူး ခူး၍ သုပ်စားကြသည့် အစဉ်အလာများရှိခဲ့လို့ပါပဲ။ တန်ဆောင်မုန်းဟူသော အရေးအသားကို လေ့လာကြည့်သည့်အခါ ပုဂံခေတ် ကျောက်စာများတွင် 'တန်ဆောင်မှုန်'ဟု ရေးထိုး၍ တန်ဆောင်မှုန်းဟုအသံ ထွက်ဆိုခဲ့ကြပါသည်။ 'မိုက်မှောင်လွှင့်ပြုန်း၊ တန်ဆောင်မုန်း၊ ဆောင်မှုန်းခေါ်တကား။ ဟထိုးပျောက်ကာ၊ ပြောင်းရွှေ့လာ၊ မုန်းသာခုထင်ရှား'ဟူသော စပ်ဆိုထားခြင်းသည် တန်ဆောင်မုန်း၏ ဖြစ်စဉ်ကို ပေါ်လွင်သိရှိနိုင်ပါသည်။ 'တန်ဆောင်'ဆိုသည်မှာ ဆီမီး၊ မီးရှူး၊ မီးတိုင်ဖြစ်၍ 'မှုန်း' ဆိုသည်မှာ ထွန်းလင်းခြင်း၊ တောက်ပခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့်လည်း မြန်မာဆယ့်နှစ်လရာသီတွင် တန်ဆောင်းမုန်းလသည် အထွန်းလင်းဆုံး၊ အတောက်ပဆုံးနှင့် အသာယာဆုံးလတစ်လဟု ဆိုနိုင်ပါသည်။ မြန်မာ့သမိုင်းမှတ်တမ်းများအရ ဗိသနိုးနတ်မင်းကြီးသည် နှစ်စဉ်နှစ်တိုင်း ဝါဆိုလဆန်း ၁၂ ရက်မှစ၍ အိပ်စက်လိုက်တာ တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ နိုးထလာသဖြင့် တန်ဆောင်မုန်းလကို 'နတ်နိုးလ'ဟု ခေါ်ဆိုကြောင်း လေ့လာမှတ်သားရပါသည်။

တန်ဆောင်မုန်းလပြည့်နေ့၌ မြတ်စွာဘုရားရှင်သည် ရာဇဂြိုလ်ပြည့်ရှင် အဇာတသတ်မင်းနှင့် အပေါင်းပါတို့အား 'သာမညဖလသုတ်'ဟောကြားသည့် နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်ညတွင် ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး စသည့် ငါးမျိုး ကင်းစင်နေသောကြောင့် ထက်ကောင်းကင် တစ်ခွင်လုံးကြည်လင်ကာ နက္ခတ်တာရာ တစ်စုံထွန်းလင်းနေပါသည်။ မပီဝိုး ဝါးသေးမွှားသည့် ကြတ္တိကာကြယ်(ခေါ်)ဖျောက်ဆိပ်ကြယ်စုလေးများလည်း လင်းလက်ခွင့်ရသည့် ညတစ်ညဖြစ်ပါသည်။ မဇ္ဈိမဒေသမှလာသည့် သာရကောမုဒိ ဆေးကျမ်းအရ တန်ဆောင်မုန်းလပြည့်ညသန်းခေါင်ယံလမင်းကြီး ဝိုင်းစက်ပြည့်ဝန်းနေစဉ် ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်၍ ပုဏ္ဍာတိထီ (ဗေဒင်အခေါ် တိထီ ၁၅ လုံးအတွင်း) ဆေးပင်အပေါင်းကို စောင့်ရှောက်သောနတ်တို့သည် မဲဇလီပင်စောင့်နတ်မင်းကြီးထံ လာရောက်ခစားကြသည်ဟု ဆိုပါသည်။

ထိုအချိန်တွင် မဲဇလီကို ဆေးဖက်ဝင်အောင်စီရင်ခြင်းသည် အချိန်အခါကောင်းတစ်ရပ်ဟု ဆိုနိုင်ပါသည်။ ထိုသို့ စီရင်ရာ၌ လမင်းကြီး တိတိကျကျပြည့်ဝန်းနေချိန်တွင် အရှေ့ဘက်သို့ ထွက်နေသော မဲဇလီအဖူး၊ အပွင့်၊ အရွက်၊ အမြစ်၊ အခေါက်၊ အသီးတို့ကို စုံလင်အောင် ဆွတ်ခူးတူးယူ၍ ထိုညတွင် အဖူး၊ အပွင့်၊ အရွက်တို့ကို စားသုံးရပါမယ်။ ကျန်သော အမြစ်၊ အခေါက်၊ အသီးတို့ကို နေရိပ်တွင် အခြောက်လှန်း၊ အမှုန့်ပြု၍ နေ့စဉ် စားသုံးပေးသွားရမှာပါ။ ဤသို့စားသုံးလျှင် ရုပ်ရည်အဆင်း နုပျိုရှိ အရွယ်တင်ကာ အသက်ရှည်စေကြောင်း၊ ဘုန်းကြီး၍ ဥာဏ်ပညာထက်မြက်ကာ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေကြောင်း ယုံကြည်ကြပါသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ည ၁၂နာရီတိတိအချိန်ကို ဆေးပေါင်းခသည့် ည၏ အမြင့်ဆုံး၊ အစွမ်းထက်ဆုံး အချိန်ဟုသတ်မှတ်ပြီး တိုင်းရင်းဆေးဆရာကြီးများက ဆေးဝါးမျိုးစုံ ဖော်စပ်ကြပါသည်။

မဲဇလီနှင့်ကျန်းမာရေး

ရုက္ခဗေဒအမည်အရ Cassiasiamea Linn မျိုးရင်းဖြစ်ပါသည်။ ၁၀၀ ဂရမ်အလေးချိန်ရှိသည့် မဲဇလီဖူးနှင့် အရွက်တို့ကို ဆေးသိပ္ပံနည်းအရ ဓာတ်ခွဲစမ်းသပ်ကြည့်ရာ ကယ်လိုရီ ၁၀၀၊ ပရိုတင်း ၇ ဒသမ ၁ ဂရမ်၊ အဆီဓာတ် ၁ ဂရမ်၊ ကစီဓာတ် ၁၇ ဒသမ ၉ ဂရမ်၊ ထုံးဓာတ် ၄၄ ဒသမ ၁ မီလီဂရမ်၊ သံဓာတ် ၁၇ မီလီဂရမ်၊ ဗီတာမင် အေအိုင်ယူ ၁၄၅၀၀၊ ဗီတာမင်ဘီဝမ်း ၀ ဒသမ ၄ မီလီဂရမ်၊ ဗီတာမင်ဘီတူး ၀ ဒသမ ၆၉ မီလီဂရမ်၊ နိုင်ယာစင် ၁ ဒသမ ၃ မီလီဂရမ်၊ ဗီတာမင်စီ ၁၀၁ မီလီဂရမ် စသည်တို့ အသီးသီးပါရှိကြပါတယ်။ ထို့အပြင် ဟင်းသီးဟင်းရွက်များမှာ ရှားရှားပါးပါး တွေ့ရခဲသော ဆေးဖက်ဝင် Glycosides, Terpenoids, Tannins, Saponins, Flavonoids နှင့် Steroids တွေလည်းပါရှိကြပါသေးသည်။

'ချို၊ ဆိမ့်၊ ဖန် အရသာ သုံးမျိုးရောပြွမ်း၍ ခါးသက်သက်အရသာလွှမ်းမိုးသော မဲဇလီပင်၌ အာပေါဓာတ်ကြီးစိုး၍ ဝါယောဓာတ်ပူးတွဲပါရှိနေသောကြောင့် ရှေးတိုင်းရင်းသမားတော်ကြီးများက မြန်မာ့ရိုးရာဆေးမြီးတိုအဖြစ် အိပ်မပျော်ခြင်း၊ သွေးတက်ခြင်း၊ ရုပ်ရည်ခန်းခြောက်ခြင်း၊ အသက်ရှူပြွန်ချောင်းရောင်ခြင်း၊ ချောင်းခြောက်ဆိုးခြင်းစတဲ့ ရောဂါများအတွက် ကုသပေးခဲ့ကြပါသည်။

- အိန္ဒိယနိုင်ငံတွင် ကာလသားရောဂါ ရှန်ကာနာကို မဲဇလီရွက်ဖြင့် ကုသလေ့ရှိသည်။

- သမ်းဝေပြီး အိပ်မပျော်ခြင်းအတွက် မဲဇလီဖူးကိုသုပ်၍စားက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေနိုင်ပါသည်။

- ပါးစပ်အတွင်း အပူထွက်ခြင်း၊ သွားဖုံးရောင်ခြင်းတို့အတွက် မဲဇလီရွက်နှင့် အပွင့်တို့ကို ခပ်ကျကျပြုတ်၍ ငုံပေးပါက သက်သာပျောက်ကင်းနိုင်ပါသည်။

- မျက်စိနာခြင်းအတွက် မဲဇလီမြစ်ကိုသွေး၍ မျက်စိတစ်ဝိုက်ကွင်းပေးပါ။

- ကနခိုစေ့စား၍ ဝမ်းသွားလွန်ခြင်းအတွက် မဲဇလီမြစ်ကို ထန်းလျက်နှင့်ပြုတ်၍ သောက်ပေးခြင်းဖြင့် ဝမ်းရပ်တန့်ပါလိမ့်မည်။

- ချောင်းဆိုး၊ ရင်ကျပ်၊ လည်ချောင်းနာခြင်းတို့အတွက် မဲဇလီရွက်နှင့် မုရားကြီးရွက်တို့ကို ဆတူရောရှိ သုံးခွက်၊ တစ်ခွက်တင်ကြိုပြီး နောက် ငုံပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်ပါသည်။

- ကလေးများ ဝမ်းဗိုက်အတွင်း သန်ကောင်ထပါက မဲဇလီရွက် လတ်လတ်ဆတ်ဆတ်ထောင်းရည်(သတ္တုရည်)နှင့် သံပရာရည် ရောစပ်တိုက်ပေးခြင်းဖြင့် သန်ကျစေနိုင်ပါသည်။

- ဝမ်းချုပ်ပြီး စမြင်းခံခြင်းအတွက် မဲဇလီဖူးကိုပြုတ်၍ တို့စရာအဖြစ်စားပေးပါက ဝမ်းမှန်၍ လေသက်စေနိုင်ပါသည်။

- ကင်း၊ ပုရွက်ဆိတ် စသည့် အဆိပ်ရှိသတ္တဝါတွေ အကိုက်ခံရပါက မဲဇလီရွက်ကိုကြိတ်၍ ဒဏ်ရာပေါ်အုံပေးပါက အဆိပ်ပြေစေပါတယ်။

- နှင်းခူအစိုအတွက် မဲဇလီရွက်ကို သံပရာရည်နှင့်ကြိတ်၍ နှင်းခူပေါ်အုံခြင်း၊ မဲဇလီရွက်ပြုတ်ရည်ဖြင့် ဖန်ရည်ဆေးခြင်းတို့ ပြုလုပ်ပေးပါ။

- အမျိုးသမီးများ မျက်နှာပေါ်တွင် မီးယပ်ကွက်ထွက်ခြင်းအတွက် မဲဇလီပွင့် သို့မဟုတ် အရွက်ကို အခြောက်လှမ်း အမှုန့်ကြိတ်၍ ရေဖြင့်ဖျော်ပြီး လိမ်းပေးပါ။

- မဲဇလီရွက်ပြုတ်ရည်ဖြစ်စေ၊ အရွက်ကို အခြောက်လှမ်း အမှုန့်ကြိတ်၍ဖြစ်စေ ပျားရည်နှင့်ရောစပ်စားပေးပါက သွေးသားသန့်စင်၍ အားအင်ပြည့်ဖြိုးစေပါသည်။

- မဲဇလီဖူးထဲတွင်ပါရှိသော သဘာဝအခါးဓာတ်က အသည်းအားကောင်းစေပါတယ်။

- အစာခြေစနစ်ကို ကောင်းမွန်စေရုံသာမက ပျို့အန်ခြင်း၊ အက်စစ်ဆန်တက်၍ လေချဉ်တက်ခြင်း၊ ရင်ပူခြင်းတို့ကို သက်သာစေပါသည်။

- ခန္ဓာကိုယ်အတွက်လိုအပ်သော ပရိုတင်းဓာတ်ကိုဖြည့်တင်းပေးပြီး ကိုယ်ခန္ဓာကြီးထွားမှုကို ကောင်းစွာအထောက်အပံ့ပေးပါသည်။

- အူမကြီးကို ကောင်းစွာအလုပ်လုပ်စေပြီး ဝမ်းပျော့ပျော့သွားစေပါသည်။ ထို့ပြင် အူမကြီးနှင့် အူသိမ်၊ အူမများထဲရှိတုတ်ကောင်၊ သန်ကောင်စသည့် ကပ်ပါးကောင်များကို ဖယ်ရှားပေး၍ အူကိုသန့်စင်စေပါသည်။

- ကစီဓာတ်ကြွယ်ဝစွာပါရှိခြင်းကြောင့် ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်ကို ကောင်းကျိုးပြုပါသည်။

- သရက်ရွက်ထဲရှိ ကောင်းသောဆဲလ်အသစ်များကို တိုးပွားစေသောကြောင့် သရက်ရွက်ကို ကျန်းမာစေပါသည်။

- မဲဇလီဖူးထဲတွင်ပါရှိသော သဘာဝအဆီဓာတ်သည် ခန္ဓာကိုယ်ထဲရှိ မကောင်းသောဓာတ်များကို လောင်ကျွမ်းစေပါသည်။

- အစွမ်းထက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအပြင် ပိုလီဖီနောဓာတ်များပါရှိသဖြင့် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော ဖရီးရယ်ဒီကယ်များကို သုတ်သင်ဖယ်ရှားပေးသောကြောင့် အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာ ရောဂါများမဖြစ်စေနိုင်ပါ။

- မဲဇလီဖူးထဲတွင်ပါရှိသော သတ္တုဓာတ်ပေါင်းစုများသည် သူငယ်နာ၊ အရိုးပျော့ရောဂါကို ကာကွယ်ပေးသောကြောင့် မွေးဖွားလာသော ကလေးများတွင် ပိုလီရိုရောဂါမဖြစ်စေရန် ကြိုတင်ကာကွယ်သည့် အနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များ မဲဇလီဖူးကို မဖြစ်မနေစားသုံးသင့်ပါသည်။

- ဓာတ်ခွဲစမ်းသပ်ချက်များအရ မဲဇလီဖူး၊ အရွက်၊ အပွင့်ထဲတွင်ပါရှိသော အာဟာရဓာတ်များသည် ဟင်းနုနယ်တွင်ပါရှိသော အာဟာရဓာတ်များနှင့် အလားတူသည်ဟု သိရသည်။

ဆေးဖက်ဝင်သည့် မဲဇလီဖူးသုပ်

အိမ်ရှင်မများသည် တန်ဆောင်မုန်းလပြည့်နေ့ နံနက်ကတည်းက ဈေးထဲမှ မဲဇလီဖူး အစည်းလေးတွေဝယ်လာပြီး ချစ်ခင်ရသည့်မိသားစုကို သုပ်ကျွေးလေ့ရှိကြပါသည်။ တစ်ခါတစ်ရံ မဲဇလီဖူးတွေ ဈေးထဲ၌ ပြတ်လပ်သွားတတ်သောကြောင့် တချို့ အိမ်ရှင်မများသည် လပြည့်နေ့မတိုင်ခင်ကတည်းက ကြိုတင်ဝယ်ထားတတ်ကြပါသည်။

အထက်တွင် ရေးသားထားသည့်အတိုင်း မဇ္ဈိမဒေသမှလာသည့် သာရကောမုဒိဆေးကျမ်းအရ တန်ဆောင်မုန်းလပြည့်ည သန်းခေါင်ယံ လမင်းကြီးဝိုင်းစက် ပြည့်ဝန်းနေစဉ်တွင် ကြတ္တိကာ နက္ခတ်နှင့် စန်းယှဉ်၍ ပုဏ္ဍာတိထီ(ဗေဒင်အခေါ် တိထီ ၁၅ လုံးအတွင်း) ဆေးပင်အပေါင်းကို စောင့်ရှောက်သောနတ်တို့သည် မဲဇလီပင်စောင့်နတ်မင်းကြီးထံ လာရောက်ခစားကြသောကြောင့် ထိုည၊ ထိုအချိန်၌ မဲဇလီကို ဆေးဖက်ဝင်အောင် စီရင်ခြင်းသည် အချိန်အခါကောင်းတစ်ရပ်ဟု ဖော်ပြထားပါသည်။ ထိုသို့စီရင်ရာတွင်လည်း လမင်းကြီး ပြည့်ပြည့်၀၀ ပြည့်ဝန်းနေချိန်၌ အရှေ့ဘက်သို့ထွက်နေသော မဲဇလီအဖူး၊ အပွင့်၊ အရွက်တို့ကိုစုံလင်အောင် ဆွတ်ခူးယူ၍ ချက်ချင်းသုပ်စားရမည်ဟု ဆိုပါသည်။

သို့သော် မြို့ပြနေသူများသည် မဲဇလီပင်နှင့် လက်တကမ်းတွင် မရှိနိုင်သောကြောင့် ဈေးထဲတွင်သာ ဝယ်ယူရရှိနိုင်သည့် မဲဇလီဖူး အစည်းလေးတွေကိုသာ ဝယ်၍ အိမ်မှာအသုပ်လုပ်ကာ တချို့ကည ၁၂ နာရီတွင် စားကြသလို အများစုက အဆင်ပြေသည့်အချိန်တွင် စတိသဘောဖြင့် သုပ်စားကြပါသည်။ တန်ဆောင်မုန်းည ဆေးပေါင်းခချိန်တွင် မဲဇလီဖူးသုပ်စားခြင်းသည် တစ်နှစ်တာ ကာလပတ်လုံး ကျန်းမာချမ်းသာ ဘေးဘယာကင်းဝေးစေနိုင်သောကြောင့် ရှေးထုံးကို မပယ်သည့်အနေနှင့် ဖြစ်နိုင်လျှင် ညသန်းခေါင်ယံတွင် အရွက်တစ်ညွှန့် သို့မဟုတ် အသီးတစ်တွဲကို အပင်မှခူးဆွတ် ရေဆေးထောင်းနယ်၍ ညဦးပိုင်းက ကြိုတင်သုပ်ထားသည့် မဲဇလီ ဖူးသုပ်ထဲသို့ ရောမွေကာ စားသုံးသင့်ပါသည်။

မည်သို့ပင်ဆိုစေကာမူ အရသာက မဆိုသလောက် ခါးသက်သက် ဆိမ့်ဆိမ့်လေးဖြင့် ဆေးပေါင်းခသည့် မဲဇလီဖူးသုပ်ကို ကျား၊ မမရွေး နှစ်ခြိုက်လျက်ရှိရာ တန်ဆောင်တိုင်ကာလတွင်သာမက ရာသီမရွေး သုပ်စားနိုင်ပါသည်။

- မဲဇလီဖူးသည် နုသည့်အချိန်၌ အစိမ်းဖျော့ရောင်ဖြစ်ပြီး ရင့်လာသည့်အခါ အညိုရောင်ပြောင်းသွားပါသည်။ ထို့ကြောင့် အစိမ်းဖျော့ရောင် အဖူးလေးတွေကို ရွေးချယ်ပါ။

- မဲဇလီဖူးကို အစိမ်းရည်များ ထွက်လာသည်အထိ ပြုတ်ပြီး ရေအေးတွင်စိမ်ထားပါ။ ပြီးလျှင် ပါးပါးလှီးပါ သို့မဟုတ် အသီးလေးတွေကို လေးစိပ်ကွဲအောင် မညက်တညက် ထောင်းပါ။

- ဇလုံကြီးကြီး တစ်ခုထဲတွင် စောစောက ထောင်းထားသည့် မဲဇလီဖူးများထည့်၍ ဆီချက်၊ ပါးပါးလှီးထားသည့် ကြက်သွန်နီ၊ ပုစွန်ခြောက်မှုန့်၊ မြေပဲထောင်းမှုန့်၊ နှမ်း၊ ဆား၊ အရသာ ဟင်းခတ်မှုန့်တို့ကို မိသားစုအကြိုက် အရသာဖြစ်အောင် ရောနယ်ပါ။ ပြီးလျှင် သံပရာသီးညှစ်ထည့်ပါ။ ဆီချက်၊ အဖတ် (ကြက်သွန်နီ ဆီချက် အဖတ်) ဖြူး၍ စားပါ။

အချုပ်အားဖြင့်ဆိုသော် တစ်နှစ်မှာတစ်ကြိမ် သာထွန်းလှသည့် မြန်မာတို့၏ တန်ဆောင်မုန်းလပြည့်ည၌ မိသားစုတွေ ပျော်ရွင်ဝိုင်းဖွဲ့ကာ မဲဇလီဖူးသုပ်စားရင်း ရောဂါဘယကင်းဝေးကြပါစေကြောင်း ဆုတောင်းဆန္ဒပြုပါသည်။ ထို့ပြင် တန်ဆောင်မုန်းလပြည့်ညတွင် ကာလသားများသည် အိမ်တကာ သို့မဟုတ် လမ်းတကာမှ ပစ္စည်းများကို ဟိုဟိုသည်သည် နေရာရွှေ့ကာ စနောက်ကျီစယ်လေ့ရှိကြသည့် 'ကျီးမနိုးပွဲ' (ဝါ) 'စောရပွဲ'သည်လည်း ချစ်စရာမြန်မာ့ရိုးရာဓလေ့ဖြစ်သောကြောင့် အရိုးပေါ် အရွက်မဖုံး အမုန်းကို ရှောင်၍ ပြုံးပျော်နားလည်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါသည်။

စေတနာများစွာ

တင်ထက်ထက်ဇော်

စာအုပ်ခင်ကဏ္ဍ

ဖော်ညွှန်းသီ

စာအုပ်အမည်	- သမီးဖတ်ဖို့နလုံးသားရှုမျှော်ခင်းများ
စာရေးသူ	- မောင်သာချို
ထုတ်ဝေသည့်စာပေတိုက်	- စိတ်ကူးချိုချိုစာပေ
တန်ဖိုး	- ၁၈၀၀၀ ကျပ်
စာမျက်နှာ	- ၃၃၆ မျက်နှာ
ထုတ်ဝေသည့်ကာလ	- ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(ဒုတိယအကြိမ်)



၂၀၀၈ ခုနှစ်၊ စိတ်ကူးချိုချိုစာပေမှ ပထမအကြိမ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။ စာရေးသူ၏ အမှာစာနှင့်အတူ ဆောင်းပါး(၈၃)ပုဒ်ကို စုစည်းထားသည်။

စာရေးသူသည် ၁၉၉၈ ခုနှစ် ကစပြီး 'သမီးဖတ်ဖို့' ခေါင်းစဉ်ဖြင့် ရသဆောင်းပါးများကို ရန့်သစ်၊ ချယ်ရီ၊ မြားနတ်မောင်၊ ဖက်ရှင်အင်းမှေနှင့် မဂ္ဂဇင်းတို့တွင် ရေးသားခဲ့ပြီး ယင်းဆောင်းပါးများကို စုစည်းကာ အမှတ်(၁)ကို ရာပြည့်စာပေမှ ထုတ်ဝေခဲ့သည်။ အမှတ်(၂)ကို ငြိမ်းငြိမ်းချမ်းချမ်းစာပေမှ ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

ကိစ္စမြားမြောင်၍ ရှုပ်ထွေးလှသော လူ့လောကကမ္ဘာကြီးထဲရောက်လာသည့် အဖြူထည် ကလေးသူငယ်များ လူ့လောက ဝန်းကျင်နှင့် လူ့စရိုက်အခြေအနေများကို သိရှိနားလည်စေရန်နှင့် စိမ်းလန်းပြန့်ပြူးသော စိတ်လွင်ပြင်များ တည်ဆောက်နိုင်ရေးအတွက် ရည်ရွယ်သော စာအုပ်ဖြစ်သည်။ မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။



စာအုပ်အမည်	- ဟောဒီလောကီ(၁) ဇာတ်လမ်း-ဖေလင်းသစ်
စာရေးသူ	- ကာတွန်းကိုရွှေထူး(ပြည်)
ထုတ်ဝေသည့်စာပေတိုက်	- စာစည်းစိမ်စာပေ
တန်ဖိုး	- ၈၀၀၀ ကျပ်
စာမျက်နှာ	- ၁၇၂ မျက်နှာ
ထုတ်ဝေသည့်ကာလ	- ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ

လူ့ဘဝ၏ ရယ်မောစရာအဖြစ်အပျက်များကို ကာတွန်းကိုရွှေထူး(ပြည်)က သရုပ်ဖော်ရေးဆွဲထားသည့် ကာတွန်းစာအုပ်ဖြစ်သည်။ ဆရာဖေလင်းသစ်၏ မဂ္ဂဇင်းများထဲတွင် ဖော်ပြပါရှိသော ဇာတ်လမ်းများဖြစ်သည်။

ရန့်သစ်မဂ္ဂဇင်းတွင် အခန်းဆက်လစဉ်ဖော်ပြပါရှိသော ဇာတ်လမ်းများလည်းဖြစ်သည်။ ဖတ်ကြည့်ပါက တစိမ့်စိမ့်ပြုံးပျော်ရမည့်စာအုပ် ဖြစ်သည်။ ရယ်စရာဟာသကြိုက်သူများ သဘောကျနှစ်ခြိုက်မည်ဖြစ်ရာ မန္တလေးမြို့စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

အားကစားဆိုင်ရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၂၂

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မကျီးပင်ကျေးရွာအုပ်စု၊ မကျီးပင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် ယနေ့ နံနက်ပိုင်းက အားကစားဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထက်ထက်ဝင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရဲနန္ဒာစိုးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါဟောပြောပွဲ၌ ပြည်ထောင်စုနယ်မြေ အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူးတို့မှ အားကစားဆိုင်ရာ အသိပညာပေးဗဟုသုတများ ဟောပြောခဲ့ပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ပိုင်ဟိန်း

အသိပညာပေးဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆောင်ရွက်

ညောင်ရွှေ နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ အသိပညာပေး ဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ နိုဝင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က ကလေးသူငယ်များနှင့် အရွယ်မရောက်သေးသူများအား အိုတိုင်းဖုန်း၊ Social Media နှင့် Onl-ine Platform များကို အသက်အရွယ်အလိုက် လုံခြုံစွာအသုံးပြုနိုင်ရေး၊ ကလေးသူငယ်များအား ပစ်မှတ်ထား၍ နှောင့်ယှက်နေမှုစသည့် အနိုင်ကျင့်မှု၊ လှည့်ဖြားစည်းရုံးဆောင်ရွက်နေမှု၊ အွန်လိုင်းလိမ်လည်မှုအကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကို အထွေထွေဗဟုသုတဆိုင်ရာ သိကောင်းစရာများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရာတွင် ဖြေဆိုနိုင်သူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

* – * – * – *

* – * – * – * – * – *



ဖတ်စရာ၊ မှတ်စရာ စုံလင်

လမြတ်တန်ဆောင်

* သည်လ သည်ည
ကြည်မြဝင္ဌာ ကြတ္တိကာနှင့်
တာရာနက္ခတ် မကျန်လပ်ကြ
ပြည့်ညပ်စိန်သွင် ပမာထင်ရ
သွင်လှအာကာ၊ ဗြိစ္ဆာရာသီ
စိတ်မှာကြည်နူး မြောက်လေဖြူးစ
ဆောင်းကူးကာလ ဆေးပေါင်းခ,ည
လပြည့်တန်ဆောင်။

* သည်လ သည်ခါ
ကြည်မြသာယာ မြန်မာတစ်ဝန်း
သိုက်သိုက်ဝန်းဝန်း မီးထွန်းပွဲတော်
ဆင်နွဲပျော်ပျော် ပူဇော်ဆီမီး
ထိန်ထိန်ညီးညီး ဆီမီးတစ်ထောင်
ပန်းတစ်ထောင်နှင့် မီးရောင်ထိန်ထိန်
ဘုံကထိန်နှင့် ဝတိထိပ်ဖျား
ဆံတော်များဖြင့် တည်ထားစေတီ
ဦးခိုက်ချီ၍ ရည်မှန်းပူဇော်
ဆင်နွဲပျော်ကြ ပူဇော်ဆီမီး
လေဟုန်စီးတက် ခရီးဝတိ
မီးထိန်ထိန်နှင့် ဝင်းထိန်တဲ့ည
အေးအေးမြမြ လပြည့်တန်ဆောင်။

* သည်လ သည်ခါ
ကြည်လှသဒ္ဓါ တန်ဆောင်ကာလ
စဉ်လာမပြတ် ယှဉ်ပြိုင်ရက်ခတ်
ဆက်ကပ်သင်္ကန်း ပြုဖွယ်ဆန်းကြယ်
သင်္ကန်းပညတ် နေ့မထပ်ဘဲ
ရက်ခတ်လျင်မြန် လက်ခတ်သံညံ
မြန်ဆန်အကျိုး လွန်တန်ဖိုးရှိ
မသိုးသင်္ကန်း မြတ်သင်္ကန်းဖြင့်
ဆင်မြန်းသည့်ပွဲ ခြိမ့်ခြိမ့်သဲမျှ
ဆင်နွဲကာလ သိဂုံတ္တရ
ကုန်းအထက်က မြူးကြွကထိန်
ထူးလှဂုဏ်သိန် မီးထိန်ထိန်နှင့်
ဂုဏ်ရှိန်မြင့်မား ဝင့်ဝင့်ကြွားကြွား
ဘုရားတိဂုံ ကပ်ခွင့်ကြုံ။

* သည်လ သည်ခါ
ကြည်မြသာယာ ရာသီခဝဲ
ပွင့်ဝေဆဲနှင့် စုံမြနက္ခတ်
အအေးဓာတ်ဝင် ပြတ်သားဒါန
မာနမပါ စေတနာလက်
ပေးကမ်းရက်ရော လိုက်ဖက်တန်ဆောင်
ဆီမီးရောင်နှင့် ထွန်းပြောင်သည်တော့လေး။ ။

ဝင်းမောင်(မန်း)



ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

မန္တလေး နိုဝင်ဘာ ၂၂

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကထိကဆရာတော် ဘဒ္ဒန္တ ကဝိဓေက ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ အလှူရှင် ဦးတင်အေး(အေးချမ်းသာ)မိသားစုက ဒေါ်ခင်မတင်တင်အား ရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၈၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် သိန်း ၂၀၊ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ ပေးအပ် လှူဒါန်းရာ ဥပတ္တမ္ဘကအဖွဲ့ အဖွဲ့ဝင် ဦးမြင့်စိန်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် အလှူရှင်မိသားစုက (၁၆)နှစ်မြောက်အဖြစ် ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ နဝကမ္မ အလှူငွေများ တစ်ပါးချင်းစီ လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(PNT)

ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားတွင် ပဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သင်တောင်းကြီးကျေးရွာ၊ အဓိဌာန်အောင် ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား၊ ရွှေသိမ်တော်ဓမ္မာရုံတွင် နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီက (၃၉)ကြိမ်မြောက် အသံမစဲမဟာပဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ သိက္ခေသတိရာ ဘိဝံသဆရာတော်မှ ပဌာနဝန္ဒာနာဂါထာတော် ရွတ်ဖတ်ပူဇော်ခဲ့ပြီး ဆရာတော်ကြီးများက မေတ္တသုတ်ပရိတ်တရား ရွတ်ဖတ်ပူဇော်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပဉေတိက ဆရာတော်မှ လှူဖွယ်ဝတ္တုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ခဲ့ပြီး ဓမ္မစကြာယောဂီသူတော်စင်များမှ ရှစ်လုံးဖွဲ့ကဗျာရွတ်ဖတ်ပူဇော်ခြင်း၊ သပြေပင်ဆရာတော်နှင့် ဖောင်တော်ဦး ဆရာတော်တို့က အနုမောဒနာဂါထာ၊ ဒေဝနဝတ္တနဂါထာများ ရွတ်ဖတ်ပူဇော်၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။



နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့်ဆုတောင်း ပြည့်မဟာရွှေသိမ်တော် ဘုရားရင်ပြင်တော်၌ ဂေါပကဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ဂေါပကအဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများက မန္တလေးတိုင်းဒေသကြီး သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ပင့်သံဃာ ၈၀ ပါး နှင့် အာဂန္တုသံဃာတော်များ၊သီလရှင်များအား ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ထက်ထက်(ကျောက်ဆည်)

သင့်ကျန်းမာရေးအတွက် နေ့စဉ် လမ်းလျှောက်ပါ ။

မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပျော်ဘွယ် နိုဝင်ဘာ ၂၂

ပျော်ဘွယ်မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ ဦးဆောင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ညွန့်က စီမံကိန်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်ကြရန်၊ စီမံကိန်းရန်ပုံငွေများ အသုံးပြုရာ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ရန်ပုံငွေများကို ထိရောက်စွာ အသုံးချနိုင်ရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ညှိနှိုင်းဆွေးနွေးခဲ့သည်။



ဆက်လက်၍ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က စီမံကိန်းများ ရေးဆွဲရာတွင် ဒေသ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပြည်သူများ၏ လိုအပ်ချက်များကို မှန်ကန်စွာ ဖြည့်ဆည်းပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးရန် လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများ အနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးလက်ရေရရှိရေးလုပ်ငန်း၊ အသေးစား ဆိုလာစိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ ကျေးလက်ကုန်ထုတ်လမ်း တံတားလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပတ်သတ်၍ လိုအပ်ချက်များ၊ အကြံပြုချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ကျော်စွာထက်(ပျော်ဘွယ်)

၀-၀-၀-၀-၀-၀

အသိပညာပေးဟောပြောပွဲနှင့် ဥဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲ ဆောင်ရွက်

ညောင်ရွှေ နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ အသိပညာပေးဟောပြောပွဲနှင့် ဥဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့သည်။



အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က ကလေးသူငယ်များနှင့် အရွယ်မရောက်သေးသူများအား မိုဘိုင်းဖုန်း၊ Social Media နှင့် Online Platform များကို အသက်အရွယ်အလိုက် လုံခြုံစွာ အသုံးပြုနိုင်ရေး၊ ကလေးသူငယ်များကို ပစ်မှတ်ထား၍ နှောင့်ယှက်နေမှု၊ အနိုင်ကျင့်မှု၊ လှည့်ဖြားစည်းရုံးဆောင်ရွက်နေမှု၊ အွန်လိုင်းလိမ်လည်မှု အကြောင်း အရာများ ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကို အထွေထွေဗဟုသုတ ဆိုင်ရာ သိကောင်းစရာများ ဥဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲ ကျင်းပရာ ဖြေဆိုနိုင်သူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

မြို့နယ်(ပြန်/ဆက်)

အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

အောင်လံ နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းကျောင်းဝင်း အတွင်း၊ အပြင် ဥပဓိရုပ်ကောင်းမွန်စေရေး၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက အဆိုပါကျောင်း၌ ပြုလုပ်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ ဦးတို့က ကျောင်းဝင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်အပြင်ဘက်ရှိ မြက်ပင်နှင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ကိုင်းသစ်ခက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော စွန့်ပစ်အမှိုက်သရိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်သယ်ယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းသယ်ယူပို့ဆောင်ပေးခဲ့ကြသည်။



ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အာကာ(ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပွဲ ကျင်းပ



ပွင့်ဖြူ နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ကျွန်းပင်စင်ကျေးရွာ ရွာလယ်မွာရုံ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်စိုးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူလင်းတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းကို ကျင်းပရာ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲလင်းတိုး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝေလွင်ဦး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းအောင်တို့က ဌာနအလိုက် ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာပြည်သူများက သက်ဆိုင်ရာဌာနအလိုက် ဆွေးနွေးသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ဆွေးနွေးကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)



(၄၄၅)

၀-၀-၀-၀-၀

ရဟန်းသံဃာတော်များအား UID ကတ်များ ဆက်ကပ်

အမရပူရ နိုဝင်ဘာ ၂၂

မန္တလေး၊ အမရပူရမြို့နယ်ကျောင်းတိုက်များအတွင်းရှိ ရဟန်းသံဃာတော်များအား UIDကတ်များ ရိုက်ကူးခြင်းနှင့်ဆက်ကပ်ခြင်းကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ဆင်ဖြူမယ်ကျောင်းတိုက်၌ ဆောင်ရွက်ပေးခဲ့ရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ခရိုင်လထဦးစီးမှူး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါ UID ကတ်များ ဆက်ကပ်ပွဲတွင် ဆင်ဖြူမယ်ကျောင်းတိုက်ရှိ သံဃနာယကအဖွဲ့ ဆရာတော်ထံသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက သံဃာတော်များ၏ UID ကတ် ၁၄၀၅ ကတ်ကို ဆက်ကပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

လဲ့လဲ့နိုင်(အမရပူရ)

Fire Hotspot ဖြစ်ပေါ်မှုလျော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး အသိပညာပေး



ကျောက်ဆည် နိုဝင်ဘာ ၂၂

ပွင့်လင်းရာသီတွင် ဖြစ်ပွားတတ်သော မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သက်ရောက်မှုများကို သိရှိစေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများတိုးပွားစေရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာ၌ ပူပေါင်းပါဝင်တတ်ရန် ရည်ရွယ်၍ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက Reva ဖိနပ်စက်ရုံ၌ Fire Hotspot ဖြစ်ပေါ်မှုလျော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမော်မော်ကိုက ၂၀၂၅ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ Fire Hotspot ဖြစ်ပွားမှု (၁၂၀၁)ကြိမ် ရှိသည့်အတွက် ဦးစားပေးမြို့နယ်အဆင့်များခွဲ၍ ဒုတိယဦးစားပေးမြို့နယ်ဖြစ်သည့် ကျောက်ဆည်မြို့နယ်အား ဖခုလို ခြောက်သွေ့ရာသီကူးပြောင်းချိန်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှု ပြဿနာဖြစ်ပေါ်စေသော တောမီးလောင်ကျွမ်းခြင်းနှင့် အမှိုက်မီးရှို့ခြင်းတို့မှ ထွက်ပေါ်လာသည့် အခိုးအငွေ့များကြောင့် သက်ရှိလူသားများနှင့် သယံဇာတအရင်းအမြစ်များအား ဆိုးကျိုးသက်ရောက်မှု မရှိစေရေးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ မဖြစ်ပွားစေရေး အသိပညာပေး ဟောပြောခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟောပြောပွဲအပြီးတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက Reva ဖိနပ်စက်ရုံသို့ သစ်ရွက်ခြောက်နှင့် ပလတ်စတစ်အမှိုက်များ မီးမရှိခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းပါ အသိပညာပေး ပိုစတာများ ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းနှင့် အသိပညာပေးဟောပြောပွဲကို မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာသံတော်မြတ် ကုမ္ပဏီ လီမိတက် ကြံ့နှစ်ကောင် ဘီလပ်ခြေစက်ရုံ၌လည်း ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

သက်မောင်(ကျောက်ဆည်)

မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေဖြင့်လုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

စလင်း နိုဝင်ဘာ ၂၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများပေါများလာစေရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ ရုံးပင်ကန်ကျေးရွာအုပ်စု၊ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ် ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကိုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား ၈၃ ဦးကို ငွေကျပ် ၃၀ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ်၊ ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ ပြောပြ၍ သိရသည်။

(ဝဲပုံ) သန်းသန်းစိုး



ငွေတော်ကျီကုန်းရပ်ကွက်၌ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၂

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်တွင် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းကစတင်၍ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ရာတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတ်ပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးသတ်ဦးစီးဌာနအရေးပေါ် ဖုန်းနံပါတ်များ လိုက်လံကပ်ခြင်းနှင့် 191 Report Application အား ပြည်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးပြီး အသုံးပြုပုံတို့ ရှင်းလင်းပြောပြခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္ဓေ ဆယ်ဦး အရန်တပ်ဖွဲ့ဝင် ၂၀ ဦးတို့က ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ကူညီဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

(၀၇၅)



သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်းထိန်းသိမ်းပါ။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် သောက်သုံးရေများ စနစ်တကျသုံးစွဲနိုင်ရေး အသိပညာပေး



မိုင်းတုံ နိုဝင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေအရင်းအမြစ်များ လျော့နည်းမှုနှင့် ရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေး၊ သောက်သုံးရေများ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများသည် ဟိုပန်ကျေးရွာအုပ်စု၊ စမ်းသီတာ(၆)မိုင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများသည် အဆိုပါ ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပူပြင်းခြောက်သွေ့မှုများနှင့် ရေရှားပါးပြတ်လပ်နိုင်သည့် အခြေအနေများကို အသိပေးပြောကြားသည်။

ထို့ပြင် ရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် အများပြည်သူ သိရှိလိုက်နာရမည့် ရှောင်ရန်၊ ဆောင်ရန် အချက်အလက်များ၊ သောက်သုံးရေ သိုလှောင်ထားရှိရမည့် စနစ်များနှင့် ရေကို အလေအလွင့်မရှိ စနစ်တကျ ချွေတာသုံးစွဲစေရေးဆိုင်ရာ အချက်အလက်များကို အသိပညာပေး ပို့စတာများဖြင့် အသေးစိတ်ရှင်းလင်းပြောကြားပြီး ကျေးရွာများအတွင်း သောက်သုံးရေသိုလှောင်ထားရှိမှု အခြေအနေများကို မြေပြင်ကွင်းဆင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)မောင်နိုင်**



ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဒုတိယအကြိမ် ဖွင့်လှစ်

ပွင့်ဖြူ နိုဝင်ဘာ ၂၂

မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဌာနတွင်းရုံးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန်နှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရန် ရည်ရွယ်၍ ဒုတိယအကြိမ် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန်က ဌာနရှိ ရုံးဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် ရုံးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန်နှင့် စနစ်တကျ ဖြစ်စေရန်အတွက် ဒုတိယအကြိမ် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်းနှင့် စနစ်တကျ လေ့လာမှတ်သားသင်ယူသွားကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် သင်တန်းနည်းပြများက ဌာနတွင်းရှိ ဝန်ထမ်းများအား ရုံးလုပ်ငန်းလက်စွဲဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းဘာသာရပ်၊ အင်ဂျင်နီယာဘာသာရပ်နှင့် ဘဏ္ဍာရေးဆိုင်ရာ ဘာသာရပ်များကို မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၄၄၅)



အနာကြီးရောဂါကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ပျော်ဘွယ် နိုဝင်ဘာ ၂၂

ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာခန့်တွင် အနာကြီးရောဂါကာကွယ်ကုသနိုင်ရေး၊ ကူးစက်မှုမရှိအောင် ထိန်းချုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို နိုဝင်ဘာလ ဒုတိယပတ်မှ စတင်၍ အဆိုပါကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဌာနမှူးဒေါက်တာလဲ့လဲ့အောင်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးမှူး-၄(အနာကြီး)နှင့် သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဌာနခွဲများမှ ဝန်ထမ်းများက ပြည်သူများနှင့်တွေ့ဆုံ၍ တစ်ကိုယ်ရေသန့်ရှင်းရေး၏အရေးပါပုံများ၊ ရောဂါလက္ခဏာခံစားရသည့်ပုံစံများ၊ ရောဂါဖြစ်ပွားနေသည်ဟု ထင်မြင်မိပါက ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်ကုသသင့်သည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းများက သံသယဖြစ်ဖွယ်လူနာများအား စစ်ဆေးပေးခြင်း၊ ဆက်နွယ်မှုရှိသူများအား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရောဂါဝေဒနာရှင်များအနေဖြင့် ရှက်ရွံ့ခြင်း၊ ကြောက်ရွံ့ခြင်းမရှိဘဲ နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သွားရောက်၍ အမြန်ဆုံးကုသမှုခံယူနိုင်ရန် တိုက်တွန်းနှိုးဆော်ထားကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

o-o-o-o-o-o

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ရွှေစည်းခုံဘုရားကြီးဝင်းအတွင်း ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

ညောင်ဦး နိုဝင်ဘာ ၂၂

ညောင်ဦးမြို့နယ်၊ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလေ့လာရေးလာရောက်သူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရေးအတွက် သန့်ရှင်းရေးပြုလုပ်ခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီက ရွှေစည်းခုံဘုရားဝင်းအတွင်း အနောက်ဘက်ကြေးဂူတိုက်အနီး ရေကန်ပတ်လည်တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။



ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေပိုင်ထက်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ခန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဝင်းလှိုင်တင့်တို့ ဦးဆောင်မှုဖြင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ရွှေစည်းခုံဘုရားဝင်းအတွင်းရှိ အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပေါင်းမြက်များ၊ သစ်ပင်ခုံနွယ်များအား ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် စည်ပင်သာယာရေးအမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်းသိရသည်။

(ဝဲပုံ)

(၄၈၁)

အသေးစားစီးပွားရေးကုန်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

ပွင့်ဖြူ နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အသေးစားစီးပွားရေးကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် မိုးစပါးစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ဌာနဆိုင်ရာ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု၊ စံပြကျေးရွာတောင်သူဦးဌေးရှိန်၏ ကွင်းအမှတ် (၉၀၉) ကော်မတီဥက္ကဋ္ဌ ဦးမင်းသူလင်းနှင့် အဖွဲဝင်များက ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ 'အောင်' အမှတ်တံဆိပ် ပဲကြော်လုပ်ငန်းခွင်သို့ သွားရောက်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး ဒေသတွင်း အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး မိုးစပါးစိုက်လယ်မြေတွင် ပေါ်ဆန်းရင်နှင့် ဆာဖိုးသာ စပါးမျိုးဇာတ ၂၀၀ စံပြကွက်စိုက်ခင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မိုးစပါးစိုက်ခင်းများ တစ်ဇာတမန်းတိုင်းအထွက်နှုန်းရရှိရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ သီးနှံအချိန်မှီ စနစ်တကျရိတ်သိမ်းခြင်းလေ့ရေးတို့ကို ဆွေးနွေးမှာကြားကာ ဒေသခံတောင်သူများ၏ တင်ပြဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ရဲဝင်းနိုင်(ညောင်ဦး)



ရေဆေးတာရေး နည်းလမ်းများ

* ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
* ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
* အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
* အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
* ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

စပါးတင်း ၁၀၀ အခြေခံရည်ညွှန်းဈေး ငွေကျပ် ၁၃ သိန်းငါးသောင်း သတ်မှတ်ထားပြီး အခြားအဓိကသီးနှံများအတွက်လည်း ဈေးနှုန်းသတ်မှတ်ရန် ဆောင်ရွက်နေ



ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၂

ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အများပြည်သူများအနေဖြင့် မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့် ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်း(Public Talk)ကို ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ဆုတောင်းရမြတ်စွာဘုရားဓမ္မာရုံ၌ နိဝင် ဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ပြည်သူ့စကားဝိုင်း(Public Talk)ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်း(Public Talk) ကျင်းပဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးထက်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်အခွန်ဦးစီးမှူးတို့က 'ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး' ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ချမ်းမြေမောင်(ပြန်/ဆက်)



ရေနုတ်မြောင်းအတွင်း စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့် သင်၏ ဂုဏ်ကို မြှင့်တင်ပါ။

နေပြည်တော် နိုဝင်ဘာ ၂၂

တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိစေရေးနှင့် ဈေးနှုန်း တည်ငြိမ်ရေးအတွက် ယခုနှစ် စပါးတင်း ၁၀၀ လျှင် အခြေခံရည်ညွှန်းဈေးငွေကျပ် ၁၃၅၀၀၀၀ သတ်မှတ်ထုတ်ပြန်ထားပြီး အခြားအဓိကသီးနှံများအတွက်လည်း အခြေခံရည်ညွှန်းဈေးများ သတ်မှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အကြောင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်း၀န် ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက နိဝင်ဘာ ၂၀ ရက်တွင် ပြုလုပ်သည့် နိုင်ငံတော်သမ္မတရုံး၏ ဒုတိယအကြိမ်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားသည်။

အဆိုပါ အဖွဲ့တွင် လုပ်ငန်းတာဝန်များ ချမှတ်ထားရှိပြီး ကောက်ပဲသီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းများလည်း ပါဝင်သည်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းထားသည့် လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေး၍ နှစ်စဉ် အခြေခံစပါးရည်ညွှန်းဈေးနှုန်းကို သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုနှစ်အတွက် စပါးတင်း ၁၀၀ လျှင် အခြေခံရည်ညွှန်းဈေးသတ်မှတ်ထားကာ သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာထားပြီး အခြားအဓိကသီးနှံများအတွက်လည်း အခြေခံရည်ညွှန်းဈေးများ သတ်မှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း

o-o-o-o-o-o-o

ဥပဒေဆိုင်ရာသင်ခန်းစာများဆွေးနွေးပွဲ (မြို့နယ်အဆင့်) သင်တန်းဖွင့်လှစ်

လားရှိုး နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ကို လက်တွေ့အသုံးချနိုင်ရန်နှင့် အားလုံးပါဝင်လှုပ်ရှားနိုင်သော အခြေခံသင်ကြားနည်းများကို ဖော်ဆောင်နိုင်စေရန်၊ အလယ်တန်းဆင့် ဥပဒေဘာသာရပ်ကို နက်နက်ရှိုင်းရှိုင်းနားလည်ပြီး ထိရောက်စွာ ပို့ချနိုင်စေရန်၊ နေ့စဉ်လူမှုဘဝတွင် တွေ့ကြုံရသော ပြဿနာများကို စည်းမျဉ်းစည်းကမ်းအတိုင်း စနစ်တကျ ဖြေရှင်းတတ်စေရန်၊ ကလေးငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ထူးခြားချက်များကို နားလည်ပြီး စာသင်ခန်းကို စည်းကမ်းရှိရှိ ဖော်ရွေပျူငှာစွာ စိတ်ဝင်စားဖွယ်ဖြစ်အောင် စီမံခန့်ခွဲနိုင်ရန်၊ စည်းကမ်းကို လိုက်နာတတ်သောကလေးများ ဥပဒေစည်းမျဉ်းကို လေးစားလိုက်နာတတ်သော နိုင်ငံသားကောင်းများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့်စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် ပါဝင်သော ဥပဒေဆိုင်ရာသင်ခန်းစာများဆွေးနွေးပွဲ (မြို့နယ်အဆင့်) သင်တန်းကို ယမန်နေ့က အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လားရှိုးမြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းမော်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် သင်ခန်းစာများဆွေးနွေးပွဲ (မြို့နယ်အဆင့်) သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသင်တန်းကို နှစ်ရက်တာ သင်တန်းနည်းပြ ဆရာ၊ ဆရာမ လေးဦးဖြင့် ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ပြီး လားရှိုးမြို့နယ်နှင့် ဟိုပန်မြို့တို့ရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ အလယ်တန်းအဆင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ စုစုပေါင်း ၆၂ ဦး သင်ကြားလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

လူမော်(ပြန်/ဆက်)

o-o-o-o-o-o-o





မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေမှ(အတိုးရငွေ)များ ပြန်လည်ကောက်ခံ

ဓမ္မာသီရိ နိုဝင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဓမ္မာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွာတောကျေးရွာ၌ အသင်းသား၊ အသင်းသူများထံမှ စီမံကိန်းရန်ပုံငွေမှ (အတိုးရငွေ)များ ပြန်လည်ကောက်ခံခြင်းကို နိဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းပါ မူဘောင်များနှင့် အညီ စနစ်တကျ လုပ်ကိုင်ကြရန်၊ စီမံကိန်းချေးငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ရေးသွင်း၍ စနစ်တကျ ပြုစုထိန်းသိမ်းဆောင်ရွက်ရန်၊ သတ်မှတ်လအလိုက် ပေးဆပ်ရမည့် ချေးငွေများကို အချိန်မီ ပြန်လည်ပေးဆပ်၍ စီမံကိန်းလုပ်ငန်းများကို စနစ်တကျ လည်ပတ်လုပ်ကိုင်ကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများက မိမိတို့ ကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များနှင့် ငွေစာရင်းဇယားများ ပြုစုထိန်းသိမ်းထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရွာတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီကပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်သည့် စီမံကိန်းအသင်းသား၊ အသင်းသူ ၁၄၃ ဦးထံမှ ပထမလေးလပတ်အတွက် စီမံကိန်းရန်ပုံငွေ အတိုးရငွေကျပ်သုည ဒသမ ၉၄၇ သန်းကို Nature Link Pay(Trusty)နှင့် ပူးပေါင်းပြီး Mobile Financial Payment စနစ်ဖြင့် ပြန်လည်ကောက်ခံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ရဲဝင်းနိုင်(ညောင်ဦး)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



တောင်တွင်းကြီး နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ပဲကြော်လုပ်ငန်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သင်းမြတ်ပဲကြော်လုပ်ငန်းနှင့် ချို ပဲကြော်လုပ်ငန်းတို့အား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအား အလေးထားဆောင်ရွက်ရန်တို့ကို ပြောကြားပြီး လိုက်လံကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးမျိုး(ဗိဿနိုးမြေ)

စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေး

ရမည်းသင်း နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးလုံခြုံစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက စက်သုံးဆီအရောင်းဆိုင်များအား လိုက်လံစစ်ဆေးခဲ့သည်။



အဆိုပါစက်သုံးဆီအရောင်းဆိုင်များအား လိုက်လံစစ်ဆေးရာတွင် ရမည်းသင်းခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးနှင့် တပ်ဖွဲ့ဝင်များသည် စက်သုံးဆီဆိုင်များတွင် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေး၊ မီးဘေးသတိရှိစေရေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးကြိုးများသွယ်တန်းထားမှု၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ ပြင်ဆင်ထားရှိမှုများအား စစ်ဆေးအကြံပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (၀၅၇)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

ဝေါမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ကွန်ဟိန်းမှ မြဝတီဘက်သို့ ချန်းဟူ(ခ)အူးဖုဆိုသူ မောင်းနှင်ပြီး မမိုင်ဆိုသူ လိုက်ပါလာသည့် TOYOTA HILUX အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွဆေးပြား ၂၀၈၀၀၀၊ ဘိန်းဖြူအလေးချိန် ၁ ဒသမ ၄ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၄ နာရီက အဆိုပါမူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ချောက်ကွမ်(ခ)ဂွမ်ချောင်ဆိုသူ နေထိုင်သည့် ခိုလမ်မြို့၊ (၂၆)မိုင်ကျေးရွာရှိ နေအိမ်မှ TOYOTA HILUX အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် SURF အမျိုးအစား မော်တော်ယာဉ်တစ်စီးတို့အားလည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲက ချောက်ကွမ်(ခ)ဂွံမ်ချောင်ဆိုသူအား မိုင်းယောင်းမြို့အနီးတွင် TOYOTA HILUX REVO အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ချန်းဟူ(ခ)အူးဖု(၃၈)နှစ်၊ မမိုင်(၄၇)နှစ်နှင့် ချောက်ကွမ်(ခ)ဂွမ်ချောင်(၃၀)နှစ် ဆိုသူတို့အား ဝေါမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

အသိပညာပေးဟောပြော

နေပြည်တော် နိုဝင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြွေရိုးလေးကျေးရွာ၊ တလုပ်ပင်ကျေးရွာ၊ ရှားချောင်းကျေးရွာ၊ ကြို့ဇလုပ်ကျေးရွာ၊ လက်ပံခုန်ကျေးရွာနှင့် ခေတ်အေးကျေးရွာတို့၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည်အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များလျော့နည်းလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကို စနစ်တကျအသုံးပြုရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန်လိုအပ်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။

နော်လူး



မန္တလေးတက္ကသိုလ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၂

မန္တလေးတက္ကသိုလ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက အင်းဝ(၉)ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီးဒေါက်တာစိုးမြင့်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရဲမှူး ခင်မာဝင်းက လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ အသိပညာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ မေသွယ်အေးက လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သော ရဲမှူးအား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲသို့ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ရဲမှူးခင်မာဝင်းနှင့် တာဝန်ရှိသူများ စုစု ပေါင်း ၃၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၅၆)**

မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး



မန္တလေး နိုဝင်ဘာ ၂၂

မန္တလေးခရိုင်မီးသတ်ဦးစီးဌာနမှ ပူးပေါင်းအဖွဲ့ဖြင့် မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းကို အောင်မြေသာစံမြို့နယ်ရှိ ပြည်ကြီးရန်လုံရပ်ကွက်အတွင်း နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်ဦးစီး၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး၊ ပြည်ကြီးရန်လုံရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမိုးသန်းဦးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး ဦးမျိုးမင်းထွန်းဦးစီး၍ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးပါ ပူးပေါင်းအဖွဲ့သည် ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်(၆၃/၆၄)ရှိ အိမ်ခြေ ၁၃၀ အား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခြင်း၊ 191 Report Application ကို ပြည်သူများ အသုံးပြုရေး ကွင်းဆင်း ထည့်သွင်းပေးခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရေရှိရေး စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

ကလောမြို့တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ကလောမြို့၊ ကလောဘူတာ စကြံတွင် သန်းထွန်းနှင့် ခိုင်ခိုင်မော်ဆိုသူတို့အား ၄င်းတို့ သယ်ဆောင်လာသည့် လက်ဆွဲခြင်းများအတွင်းမှ ဘိန်းစိမ်းအလေးချိန် ၃၁ ဒသမ ၉ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းထွန်း(၅၀)နှစ်နှင့် ခိုင်ခိုင်မော်(၅၃)နှစ်ဆိုသူတို့အား ကလောမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းသေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရုံကွက်၊ အကွက်အမှတ်(၈၀၆)၊ ဦးပိုင်အမှတ်(၇)၊ ဖဲ့ဝင်မဲ့၊ ၂၇လမ်းနှင့် ၂၉လမ်းကြားရှိ ကိုကျော်၊ မမြသန်းတို့အပေါ်ကို ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၅၄၄/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သောဒေါ်တင်ငင်း၊ ဒေါ်တင်တင်ရဲ့၊ ဒေါ်ထူးထူးအောင်၊ ဒေါ်ဖိုးမိုး၊ ဒေါ်တိုးတိုးကျော်တို့(၇)ဦးအနက် ဒေါ်တင်တင်ဦးထံမှ နှစ်ပွတ်စာချုပ်အမှတ်(၃၇၈/၂၀၂၆)ဖြင့် လက်ခံခဲ့သော ဒေါ်ထူးထူးအောင်(စ/မရမ(နိုင်)၀၂၅၅၅)၊ ဒေါ်တင်တင်ရဲ့(စ/မရမ(နိုင်)၀၂၅၂၂၉)၊ ဒေါ်ဖိုးမိုး(စ/မရမ(နိုင်)၀၂၅၄၈)၊ ဒေါ်တိုးတိုးကျော်(စ/မရမ(နိုင်)၀၀၁၈၃)တို့က အမွေထဲအမှတ်(၀၂၄၉/ဘ(မြောင်း))/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ အမည်မြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဒိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်အမှတ်(၁၅၀-က)၊ လမ်းဖဝနှင့် ဖဲလမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ ဦးအာစလမ် အပေါ်ကဲ့ရန်မြေကွက်အား၊ တရားလို ဒေါ်စပါယ်ခင် က တရားပြိုင် ဦးအာစလမ် အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆေးရုံမှတွင် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၇၂/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အမိန့်ဒီကရီရရှိသူ ဒေါ်စပါယ်ခင်(စ/မရမ(နိုင်)၀၁၃၂၈၇)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဒိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၃၃၈)၊ ဦးပိုင်အမှတ်(၁၂၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ ရှိသော မြေကွက်အား၊ ဒေါ်ခင်ဝေ၏ ဆွေမျိုးဖြစ်သူ ဦးမြင့်ဝေ၏ သားဖြစ်သူ ဦးမြင့်ဝေ(စ/မရမ(နိုင်)၀၁၂၂၃၂)က ဂရန်စာချုပ်

တသ ဌေးလင်း(ခ)တပ်သားဌေးလင်း(ခ)ဦးဌေးလင်းနှင့်အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၉)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တသဌေးလင်း(ခ)တပ်သားဌေးလင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တသဌေးလင်း(ခ)တပ်သားဌေးလင်း(ခ)ဦးဌေးလင်းထံမှ ကျွန်တော် ဦးစိုင်းလှမြင့်(၁၃/နခန(ဧည့်)၀၀၀၁၈၉)က (၁၄-၂-၂၀၁၄)ရက်နေ့တွင် နှစ်ဦးသဘောတူမြေအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ထိုကတိစာချုပ်အရ ဖော်ပြပါ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် တသဌေးလင်း(ခ)တပ်သားဌေးလင်း(ခ)ဦးဌေးလင်းမှ ဤသတင်းစာကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တသ ဌေးလင်း(ခ)တပ်သားဌေးလင်း(ခ)ဦးဌေးလင်းနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

အသိပေးကြေညာသူ

ဦးစိုင်းလှမြင့်(၁၃/နခန(ဧည့်)၀၀၀၁၈၉)

ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၂၁၇၅၄

ဖခင်အမည်မှန်

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ZWE ကိုယ်ပိုင်မူလတန်းကျောင်း Grade-5 မှ မောင်ခွန်းမြတ်မင်း၏ ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမျိုး ဖြစ်ပါကြောင်း။ **ဦးမျိုး(၉/ပသက(နိုင်)၁၃၁၄၉၉)**

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနှိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၇၄-အ/၄)၊ ဧရိယာ(၀ ဒသမ ၀၃၈၄)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ရောင်းချရန်ကတိပြုသူများဖြစ်ကြသော (၁) ဦးစိန်တင်(၉/မရမ(နိုင်)၀၁၄၃၀၀)နှင့် (၂) ဦးလွှမ်းမိုးထွန်း(၉/မနတ(နိုင်)၀၀၀၉၅၅)တို့ ပူးတွဲအမည်ပေါက်သော ဂရန်မြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မိမိတို့လက်ရှိနေထိုင်ပိုင်ဆိုင်ပါကြောင်း၊ ဝန်ခံကတိပြုသူများဖြစ်သော ရောင်းချရန်ကတိပြုသူများဖြစ်ကြသည့် (၁) ဦးစိန်တင်နှင့် (၂) ဦးလွှမ်းမိုးထွန်းတို့ထံမှ အဆိုပါဂရန်မြေကွက်နှင့် မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိ၏အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပြည့်စုံခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခိုင်သူစာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ

ဒေါ်ခင်စိုးဝင်း	ဒေါ်ခင်မာစိုး	ဒေါ်သူစာကျော်	ဒေါ်အိအိခိုင်
(LL.B)	(LL.B)	(LL.B)	(LL.B)

အထက်တန်းရှေ့နေများ

" ခိုင်သစ္စာ " ဥပဒေဝန်ဆောင်မှုလုပ်ငန်း

(၆၆)လမ်း၊ လမ်း၄၀နှင့် ၄၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၅၉၂၂၀၃၄၅၊ ၀၉-၈၉၂၃၃၄၄၅၅

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အိမ်အမှတ်(၇-တ/၈)၊ တရုတ်တန်းရပ်နေ ဦးညွှန့်သိန်း(၉/အမရ(နိုင်)၀၀၇၂၆၂)+ ဒေါ်ရီရီဝင်း(၉/အမရ(နိုင်)၀၀၇၂၉၂)တို့၏ သားဖြစ်သူ မောင်အောင်မျိုးထွန်း(၉/အမရ(နိုင်)၁၀၆၆၃၃)သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ အမျိုးမျိုးစိတ်ဒုက္ခပေးပါသဖြင့် ၄င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ဦးညွှန့်သိန်း(၉/အမရ(နိုင်)၀၀၇၂၆၂)

ဒေါ်ရီရီဝင်း(၉/အမရ(နိုင်)၀၀၇၂၉၂)

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၆)၊ ဦးပိုင်အမှတ်(၅၈)မြေကွက်ပေါ် တွင် ဦးမောင်ကြီး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပဘန(နိုင်)၁၄၄၈၆၁)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၁၁-၂၀၂၆)ရက်နေ့ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ (၁၉) ကြော်ငြာစာ (အိမ်ဖျက်မိန့်)တွင် ဒေါ်တင်ဝင်းအစား ဦးတင်ဝင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

(၈-၁၁-၂၀၂၆)ရက်နေ့ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ (၁၈) ဦးသန်းထိုက်စိုး RC (၂)ထပ် အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)အစား RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)နှင့် ဒေါ်သက်ထားမေ RC (၄)ထပ် အဆောက်အအုံဖျက်သိမ်းခွင့် (အိမ်ဖျက်မိန့်)အစား RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(၄၆/၃)၊ ဧရိယာ(၂ ဒသမ ၀၂)ဧက အကျယ်ရှိ မြေကွက်အတွင်းမှ ဧရိယာ(၄၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမန်ခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်မေကြူဇော်(ဘ)ဦးမြင့်ဇော်(၉/အမဇ(နိုင်)၀၂၀၉၇၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများ၊ သက်ဆိုင်ရာ တရားရုံးတို့၏ စီရင်ချက်၊ ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အီမွန်ကျော်	ဦးဖြိုးစာနည်လင်း
(LL.B,D.I.R,D.B.L,P.G.D.E(Eng),WIPO)	(LL.B)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

အကွက်(၂၀၄)၊ ရန်ကင်းအောင်ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၉၉၃၀၅

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၈)၊ ဦးပိုင်အမှတ်(၈၁+၈၂)မြေကွက်ပေါ်တွင် ဦးလှဦး(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကမန(နိုင်)၀၂၈၆၄၂)က SS(၄)ထပ် ပုံစံပြောင်းအဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၅)၊ ဦးပိုင်အမှတ်(၇၆)မြေကွက်ပေါ်တွင် ဦးငယ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပဘန(နိုင်)၁၄၉၉၃၆)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၃)၊ ဦးပိုင်အမှတ်(၉-ခ)မြေကွက်ပေါ်တွင် ဦးအောင်ဇာနည်စိုး(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၀၁၉၈၁)က RC(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၁)၊ ဦးပိုင်အမှတ်(၅၅+၅၆)မြေကွက်ပေါ်တွင် ဒေါ်သန်းသန်းမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၀၈၆၁၃)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၃၄၄-က ခဲစင်း)၊ မြေကွက်ပေါ်တွင် ဒေါ်နှင်းပွင့်ဖြူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၀၆၀၀၃၉)က RC - ၂ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄-၁)၊ ဦးပိုင်အမှတ်(၄၈)၊ မြေကွက်ပေါ်တွင် ဒေါ်ကျာဒွဲ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ကမန(နိုင်)၀၀၀၁၆၆)က RC - ၄ ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၄)၊ ဦးပိုင်အမှတ်(၃-စ)၊ မြေကွက်ပေါ်တွင် ဒေါ်အေးအေးခိုင် ပါ-၂ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၀၀၀၄၃၅)က နံကပ် ၁ ထပ် အဆောက်အအုံဖျက်သိမ်းခွင့် (အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၀)၊ ဦးပိုင်အမှတ်(၁-က+၁-ခခဲစင်း)၊ မြေကွက်ပေါ်တွင် ဒေါ်ငွေးငွေးရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၂၅၄၇၀)က RC - ၃ ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(၁၁၁-၁၅)၊ ဦးပိုင်အမှတ်(၅)၊ မြေကွက်ပေါ်တွင် ဦးတင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဝလန(နိုင်)၀၄၂၉၉၂)က SS -၃ ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈၈-၅၂)၊ ဦးပိုင်နံပါတ်(၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (ပေ ၆၀ × ၄၅ ပေ)အကျယ်အဝန်းရှိ ဦးချစ်ရင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ခြမ်း(ပေ ၃၀ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်စိုး(ဘ)ဦးညိုး(၉/သပက(နိုင်)၀၆၉၂၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများအားလုံးကို အပြေအကြေ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-
ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၅)၊ ဦးပိုင်နံပါတ်(၄၀)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဒေါ်အေးမှီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်ခြမ်း(ပေ ၃၀ × ပေ ၄၀)ထဲမှ မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသောင်းထွန်းစိုး(ဘ)ဦးတိုင်းသန်း(၉/မဟမ(နိုင်)၀၀၆၀၂၂) [၄င်း၏ကိုယ်စား ဒေါ်နွယ်နီဝင်း(ဘ)ဦးမျိုးဝင်း(၉/မနတ(နိုင်)၀၀၃၃၂၂)] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-
ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၅၅လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြားတွင် နေထိုင်သူ ဦးမျိုးဝင်းထွန်း(ဘ)ဦးစောဦး(၉/ခမစ(နိုင်)၀၅၄၈၈၄)ကိုင်ဆောင်သူနှင့် ဒေါ်သဲရတနာစိုး(ဘ)ဦးစိုးကြည်(၉/မတရ(နိုင်)၁၈၀၈၇၉)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးဝင်းထွန်းနှင့် ဒေါ်သဲရတနာစိုးတို့သည် YDN Beauty Saloon(အမျိုးသမီးသီးသန့်)အား ဖွင့်လှစ်တည်ထောင်ထားသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေများ ဖွင့်လှစ်ထားသည့် YDN Beauty Saloon(အမျိုးသမီးသီးသန့်)ဆိုင်မှာ လွှန်ခဲ့သော(၈)နှစ်ကျော်ကတည်းက မန္တလေးမြို့တွင် ကောင်းသတင်းဖြင့် ဖွင့်လှစ်ထားသည့်ဆိုင်ဖြစ်ပြီး ဆိုင်တွင်လည်း ဝန်ထမ်းများအား ကောင်းမွန်စွာ ပြောဆို ဆက်ဆံသည့် လုပ်ငန်းရှင်များဖြစ်ကြပါသည်။

သို့သော် အချို့သောသူများမှ ဆိုင်အား မနာလိုမုန်းထားပြုပြီး တမင်သက်သက် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မမှန်မကန် Facebook, TikTok အစရှိသည့် အင်တာနက် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် Post တင်ရေးသားခြင်း၊ အဆိုပါ Post အောက်တွင် Comment များရေးသားခြင်း၊ Like & Share အစရှိသည်တို့ကို ပြုလုပ်ခြင်းများ ပြုလုပ်ဆောင်ရွက်နေကြောင်း တွေ့ရှိရပါသောကြောင့် ဤကြေညာစာပါသည့်ရက်မှစ၍ ထပ်မံရေးသားခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ အထက်ဖော်ပြပါအတိုင်း လူမှုကွန်ရက်ပေါ်၌ ထပ်မံပြုလုပ်နေမည်ဆိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ကျွန်ုပ်မိတ်ဆွေများ၏ နစ်နာမှုအဝဝအတွက် ရာဇဝတ်ကြောင်း၊ တရားမကြောင်းများဖြင့် တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် စေတနာကောင်းဖြင့် အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးဝင်းထွန်းနှင့် ဒေါ်သဲရတနာစိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၀၃၆)
ဒေါ်ချောစုမေ(စဉ်-၉၈၁၅)၊ ဒေါ်ဆုမွန်မွန်(စဉ်-၁၁၆၄၇)၊ ဦးကျော်ကျော်နိုင်(စဉ်-၁၅၃၈၇) (တရားလွှတ်တော်ရှေ့နေများ)
အမှတ်(ဒီ-၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၉၄၄၄၃၅၈၅၅၊ ၀၉-၄၂၀၇၄၄၈၄၃
Email: lawfirmmyanmar@gmail.com

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၃၃-၁၀)၊ ဦးပိုင်နံပါတ်(၅၃)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဒေါ်ကြင်စိန် အမည်ပေါက် ဂရန်မြေကွက်၏တောင်ဘက်ခြမ်း(ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်နန်းအိလှိုင်(ဘ)ဦးနေဝင်း(၉/ပကခ(နိုင်)၀၀၉၅၈၈)နှင့် ဒေါ်ဒီဇင်ဖွေး(ဘ)ဦးနေဝင်း(၉/ပကခ(နိုင်)၀၁၃၈၀၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-
ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်(၁၈၆)၊ ဦးပိုင်(၃၁-ဏ)၊ ဒေါ်ဆွေဆွေနှင်း အမည်ပေါက် ဘိုးဘပိုင် မြေကွက်၏ အနောက်ဘက်ခြမ်း အာရ်စီ(၅)ထပ်တိုက် အဆောက်အဦး၏ပထမထပ်၊ အခန်းအမှတ်(၁၅)၊ ဧရိယာ(ပေ ၂၀ × ပေ ၃၀ × အမြင့် ၉ ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ သွယ်တန်းတပ်ဆင်ထားသော ရေ+လျှပ်စစ်မီးမီတာ တပ်ဆင်ကိရိယာအရပ်ရပ်နှင့်တကွ နေထိုင်ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် လွှဲပြောင်းဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူဖြစ်သည့် ဦးသန်းမင်းဦး(ဘ)ဦးတင်သန်း(၉/စကတ(နိုင်)၀၇၉၆၅၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဤကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စာစာမောင်	ဦးထွန်းလွင်ဦး	ဦးသိန်းဦး(ချယ်ရီမြေ)	ဦးလှမျိုးဦး	ဒေါ်သီတာကို
LL.B, DL-101, IPLaw	LL.B, H.G.P	B.Sc, H.G.P, P.G.D.L	LL.B,D.B.L, D.I.L	LL.B

တရားလွှတ်တော်ရှေ့နေများ
Mandalay Justice Law Firm
အမှတ်(၅၁)၊ ၈၇(A)လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
09-2300786, 09-882300786, 09-43002998 E.mail: zarzarmaung.lawyer@gmail.com

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၉)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ(၁၉-၅-၁၉၉၅)ရက်စွဲပါ စာအမှတ်-၀၅၁/မြို့ကွက်သစ်(၁)/၉၅ အရ 'မဟာမန္တလေးစည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြို့ပတ်လမ်းနှင့် မလွတ်ကင်းသည့် မြေနှင့် အဆောက်အအုံများ ပြန်လည်နေရာချထားရေးနှင့် မြို့ကွက်သစ် တည်ဆောက်ရေးကော်မတီ'မှ ဦးကျော်အေး အမည်ဖြင့် ရရှိထားသော စလစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ တောင်ဘက်ခြမ်းကပ်လျက်ရှိသော မြောက်ဘက်အလယ်ခြမ်းအစိတ်အပိုင်း ဧရိယာ(ပေ ၂၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသော ၁။ဦးဇော်လင်းမောင်(ဘ)ဦးဝင်းမောင်(၉/မခန(နိုင်)၂၀၈၇၇၁)၊ ၂။ဒေါ်စာစာဝင်း(ဘ)ဦးလှမောင်(၉/မခန(နိုင်)၂၀၄၉၁၉)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-
ဒေါ်ခင်မာလွင် (LL.B) (Dip; in Business Law, Dip; in International Law)
တရားလွှတ်တော်ရှေ့နေ
အကွက်(၈-၅/၁၁၁)၊ အမှတ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၃၀၆၁၅၁၀

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်(၉၅)၊ ဧရိယာ(၀ ဒသမ ၀၃)ဧက အကျယ်အဝန်းရှိ ဦးကံကြီး အမည်ပေါက်သော အခလွတ်ဂရန်မြေကွက်သည် ရောင်းချသူ ဒေါ်ခင်အေးမြင့်(ပါ-၅)ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်သော မြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ မိမိတို့လက်ရှိနေထိုင်ပိုင်ဆိုင်ပါကြောင်း၊ ဝန်ခံကတိပြုသူများဖြစ်သော ရောင်းချရန်ကတိပြုသူများဖြစ်သည့် အဘ ဦးသန်းမောင်၏ သားသမီးများ (၁)ဒေါ်ခင်အေးမြင့်(၁၃/တကန(နိုင်)၀၆၈၉၀၉)၊ (၂)ဦးထွန်းမြင့်(၉/မနမ(နိုင်)၀၆၇၁၉၄)၊ (၃)ဒေါ်စန်းစန်းမြင့်(၉/မနမ(နိုင်)၀၆၇၁၅၆)၊ (၄)ဒေါ်တင်တင်မြင့်(၉/မနမ(နိုင်)၀၆၇၁၅၇)၊ (၅)ဦးရဲညွန့်(၉/အမရ(နိုင်)၀၀၄၅၈၄)တို့ထံမှ အဆိုပါ အခလွတ်ဂရန်မြေကွက်နှင့် မြေကွက်၏နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိ၏အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပြည့်စုံခိုင်မာသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်သူစာလင်း LL.B တရားလွှတ်တော်ရှေ့နေ
ဒေါ်ခင်စိုးဝင်း LL.B ဒေါ်ခင်မာစိုး LL.B ဒေါ်သူစာကျော် LL.B ဒေါ်အိအိခိုင် LL.B
အထက်တန်းရှေ့နေများ
'ခိုင်သစ္စာ' ဥပဒေဝန်ဆောင်မှုလုပ်ငန်း
၃၅လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၅၉၂၂၀၃၄၅၊ ၀၉-၈၉၂၃၃၄၄၅၅

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်(၃၁-က)၊ ဦးပိုင်အမှတ်(၂-ခဲစင်း)၊ မြေကွက်ပေါ်တွင် ဦးဝင်းကို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၂၂၂၂၅)က S.S (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်(၆၃)၊ ဦးပိုင်အမှတ်(၃၂+၃၃-က)၊ မြေကွက်ပေါ်တွင် ဒေါ်အမာ(ပါ-၆) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၄၀၆၆၂)က S.S (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်(၁၉၇)၊ ဦးပိုင်အမှတ်(၉၅-င)၊ မြေကွက်ပေါ်တွင် ဒေါ်စိန်စိန်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၀၅၁၄၇၈)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော် ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။





တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲ မီးပုံးပျံစံချိန်တင်အများဆုံးနှင့် ပြိုင်ဆိုင်မှုမြင့်မား

တောင်ကြီး နိုဝင်ဘာ ၂၂

အေးဒေတ်မပြတ် လွှမ်းခြုံနေသည့် ရွာမ်းပြည်နယ် တောင်ကြီးမြို့၌ ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို အဝေးရာမီးပုံးပျံကွင်း၌ ယနေ့စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ယခုနှစ်ပြိုင်ပွဲသည် တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲတစ်လျှောက် စံချိန်တင်မီးပုံးပျံအများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ဆိုင်မှုအားကောင်းမှုကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အထူးစိတ်ဝင်တစား လာရောက်ကြည့်ရှုအားပေးခဲ့ကြရာ ပွဲခင်းတစ်လျှောက် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

"ဒီနှစ်မီးပုံးပျံပြိုင်ပွဲဟာ တောင်ကြီးမှာ ကျင်းပတဲ့ မီးပုံးပျံပြိုင်ပွဲတစ်လျှောက် အလုံးရေအများဆုံးနဲ့ ပြိုင်ဆိုင်မှုအားကောင်းတဲ့နှစ်လို့ ပြောရမှာပါ။ ကျွန်တော့်သက်တမ်းတစ်လျှောက်မှာ ပရိသတ်အများဆုံးနဲ့ မီးပုံးပျံအများဆုံး ယှဉ်ပြိုင်တဲ့ပြိုင်ပွဲဖြစ်တဲ့အတွက် အမှတ်ပေးဒိုင်တွေက သတိမပြတ် စောင့်ကြည့်ရတဲ့ပွဲပါ။ ပြိုင်ပွဲဝင်တဲ့မီးပုံးပျံတွေဟာ တီထွင်ဆန်းသစ်မှု၊ ပန်းချီပညာနဲ့ အရုပ်ပုံစံတွေ စုံလာတယ်။ ဒီနှစ်မှာ ကြက်ဖအရုပ်ဆိုရင် အရောင်နဲ့ ပုံသဏ္ဌာန် ထူးခြားလှပအောင် ယှဉ်ပြိုင်ကြပြီး အခြားအရုပ်တွေလည်း ခြယ်သမှုကောင်းမွန်လာတာတွေ့ရပါတယ်။ စိန်နားပန်ဆိုရင်လည်း တိုးတက်လာတယ်။ ညမီးကြိုးဆိုရင် ပန်းချီရေးဆွဲမှုအားကောင်းလာပြီး ယမ်းသုံးစွဲမှုအတတ်ပညာလည်း တိုးတက်လာတာတွေ့ရပါတယ်။ နေ့လွှတ်အရုပ်နဲ့ ညလွှတ် မီးပုံးပျံ ဒီနှစ်ဟာ စံချိန်တင်အများဆုံးပါပဲ"ဟု မီးပုံးပျံပညာရှင်အသင်းနာယကဖြစ်သူ အသက်(၇၈)နှစ်ရှိ အဘတင်ဝင်း(ပန်းချီ)က ပြောသည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲဖွင့်ပွဲနေ့ဖြစ်သည့် နိုဝင်ဘာ ၁၆ ရက်မှစ၍ အဝေးရာမီးပုံးပျံကွင်းအတွင်း နေ့စဉ် ပရိသတ်များ ရောက်ဆုတ်၍မရသည်အထိ စည်ကားမှုများပြားလျက်ရှိပြီး နိုဝင်ဘာ ၂၅ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့)တွင် ပိတ်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြိုး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ်မီးပုံးပျံ ၁၁၂ လုံးဖြင့်လည်းကောင်း၊ နေ့လွှတ်ခြေခုန်စောင်း ၂၃၆ လုံး၊ ခြေလေးချောင်း ၁၃၈ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း နေ့လွှတ် အရုပ်မီးပုံးပျံ ၄၄၉ လုံးဖြင့်လည်းကောင်း မီးပုံးပျံ ၅၆၁ လုံး လွှတ်တင်ယှဉ်ပြိုင်လျက်ရှိသည်။

မီးပုံးပျံပွဲတော်ကို တောင်ကြီးမြို့က စတင်ခဲ့ခြင်းဖြစ်ရာ ၂၀၂၆ ခုနှစ် သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်တို့တွင် တောင်ကြီးမြို့မှ မီးပုံးပျံပညာရှင်များကို နေပြည်တော်၊ မကွေး၊ ပဲခူး၊ ပြင်ဦးလွင်၊ ဟိုပုံး၊ အောင်ပန်းမြို့တို့က ခေါ်ယူ၍ မီးပုံးပျံများကို တည်ဆောက်လွှတ်တင်လျက်ရှိသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲပြီးသည်နှင့် ဟိုပုံးနှင့်အောင်ပန်းမြို့တို့၌ တန်ဆောင်တိုင်မီးပုံးပျံ ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ နေ့လွှတ်မီးပုံးပျံပြိုင်ပွဲတွင် ခြေနှစ်ချောင်း အရုပ်များဖြစ်သည့် ကတ္တပါ၊ ကြက်တူရွေး၊ ငှက်ကြီး ဝန်ပို၊ ဇီးကွက်၊ စင်ရော်၊ အောက်ချင်း၊ ဂျိုးဖြူ၊ ကြက်ဖ၊ ဘဲ စသည့်အရုပ်များနှင့် ခြေလေးချောင်း အရုပ်များဖြစ်သည့် သိုး၊ မြင်း၊ သမင်၊ ဝက်ဝံ၊ မျောက်ဝံ၊ ဆင်၊ ဝက်၊ ဖျံ၊ ပန်းဒါ စသည့် အရုပ်မီးပုံးပျံ ၄၅ လုံး ပါဝင်ယှဉ်ပြိုင်ကြသည်။

ညလွှတ် စိန်နားပန်မီးပုံးပျံပြိုင်ပွဲတွင် ABC Men Wear၊ Shan Unitedi Lucky၊ မုံတဝတောင်ရိုး၊ KBZ Bank တို့နှင့် ညမီးကြိုးပြိုင်ပွဲတွင် Shan United၊ လွိုင်လင်မီး၊ ရတနာတောင်ရိုး၊ စက္ကူ၊ ပွဲစားအို၊ လူချော၊ အိုဇုန်း၊ 81 နဂါးပျံ၊ ပေတူး၊ KBZ Bank နှင့် အားသစ်တို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

သတင်း - ကိုထွေး၊ သစ္စာ၊ ဓာတ်ပုံ - ဇွဲမာန်

ဟံသာဝတီ(ယူ-၂၀)အသင်းကို ဂိုးပြတ်အနိုင်ယူခဲ့သည့် ရန်ကုန်ယူနိုက်တက် (ယူ-၂၀) အသင်း

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်ယူနိုက်တက် (ယူ-၂၀)အသင်း၏ M League (U-20) 2026 Week (25)အဖြစ် ဟံသာဝတီယူနိုက်တက် (ယူ-၂၀)အသင်းနှင့် YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုး၊ ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ရန်ကုန်လူငယ်အသင်းအတွက် အဖွင့်ဂိုးကို ပထမပိုင်း(၃၄)မိနစ်တွင်ရရှိခဲ့ပြီး အသင်းခေါင်းဆောင်ခွန်းချိထူးမှသွင်းယူပေးကာ ပထမပိုင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့်ပြီးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်လူငယ်အသင်းမှ ဟံသာဝတီလူငယ်အသင်းအား ပထမပိုင်းထက် ပိုမိုကောင်းမွန်အောင် ကစားနိုင်ခဲ့ပြီး မိနစ်(၅၀)တွင်ဒုတိယဦးဆောင်ဂိုးထပ်မံရရှိခဲ့ကာ အောင်မိုးမင်းမှ သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ရန်ကုန်လူငယ်အသင်းအတွက် တတိယဦးဆောင်ဂိုးအား ၈၁ မိနစ်တွင် ရရှိခဲ့ပြီး လူစားဝင်ကစားသမား ထူးဝဏ္ဏမှသွင်းယူပေးခဲ့ကာ ယနေ့ပွဲစဉ်အား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းသည် လက်ရှိတွင် (၂၅) ပွဲကစား၊ (၁၉)ပွဲနိုင်၊ (၄) ပွဲသရေ၊ (၂) ပွဲရှုံး ၊ ရမှတ်(၆၁) မှတ်ရရှိထားကာ အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး လာမည့်နိုဝင်ဘာ ၂၈ ရက် နေ့တွင် အမှတ်ပေးဇယား အဆင့် (၂)နေရာမှ ISPE(ယူ-၂၀) အသင်းနှင့် ရာသီပတ်ပွဲစဉ်အဖြစ် သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0



ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ပုဂံမာရသွန် အပြေးပြိုင်ပွဲကျင်းပ

ညောင်ဦး နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၊ အာနန္ဒာဘုရားတောင်ဘက်မုခ် ကွင်းပြင်၌ ပုဂံမာရသွန်ပြိုင်ပွဲကျင်းပခြင်းကို ယနေ့နံနက်ပိုင်းက စတင်တာလွှတ်ကျင်းပခဲ့သည်။

အဆိုပါ ပုဂံမာရသွန်ပြိုင်ပွဲတွင် ၁၀ ကီလိုမီတာတန်း၌ အမျိုးသား၊ အမျိုးသမီး ၅၈၆ ဦး၊ ၂၁ ကီလိုမီတာတန်း၌ အမျိုးသား၊ အမျိုးသမီး ၃၉၂ ဦး၊ ၄၂ ကီလိုမီတာတန်း၌ အမျိုးသား၊ အမျိုးသမီး ၁၂၅ ဦး၊ စုစုပေါင်းပြိုင်ပွဲဝင် ၁၁၀၃ ဦး၊ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြည်ပအပြေးသမား ၃၉ ဦးပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် ၁၀ ကီလိုမီတာ အမျိုးသားနှင့် အမျိုးသမီး ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်း၊ စတုတ္ထဆု တစ်သိန်း၊ ပဉ္စမဆု တစ်သိန်း၊ ဆဋ္ဌမဒသမ တန်းဝင်များအား တစ်သိန်း၊ ၂၁ ကီလိုမီတာတန်းတွင် အမျိုးသားနှင့် အမျိုးသမီး ပထမဆု ခုနစ်သိန်း၊ ဒုတိယဆု ငါးသိန်း၊ တတိယဆု သုံးသိန်း၊ စတုတ္ထဆု တစ်သိန်းခွဲ၊ ပဉ္စမဆု တစ်သိန်းခွဲ၊ ၄၂ ကီလိုမီတာတန်းတွင် အမျိုးသား၊ အမျိုးသမီး ပထမဆု ဆယ်သိန်း၊ ဒုတိယဆု ခုနစ်သိန်း၊ တတိယဆု ငါးသိန်း၊ စတုတ္ထဆု နှစ်သိန်း၊ ပဉ္စမဆု နှစ်သိန်းနှင့် ကုမ္ပဏီများမှ လက်ဆောင်ပစ္စည်းများကိုတာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၄၈၁)

